မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်
ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း)
အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်အားပေး

နေပြည်တော် စက်တင်ဘာ ၁၈

၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက် (လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက် ညနေပိုင်းတွင် စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ တိုင်းအားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်ကြည့်ရှုအားပေးသည်။ *စာမျက်နှာ ၁၂ ကော်လံ ၅* ●

ဆုငွေပေးအပ်ချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက်(လူသစ်တန်း) အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် ရန်ကုန်တိုင်းအသင်းအား ဆုငွေပေးအပ်ချီးမြှင့်စဉ်။
(အား/ကာ)

မြန်မာ့အလင်း
ကမ္ဘာတစ်လွှားအားကစားအညွှန်း

အသင်းကြီးများ ရင်ခုန်စွာ ဖြတ်သန်းရမည့် ချန်ပီယံလိဂ်ညချမ်း

မောင်မောင်မြင့်ဆွေ၏ ဆောင်းပါး (စာ-၁၃)

ဧရာဝတီ၊ ချင်းတွင်းနှင့် သံလွင် မြစ်ရေအခြေအနေ ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ညောင်ဦးမြို့တွင် ၂၁၇၂ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၅၂ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၇၂နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၁၂၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်နှင့် ကလေးဝ

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်များအရ မော်လိုက်မြို့တွင် ၁၂၇၄ စင်တီမီတာနှင့် ကလေးဝမြို့၌ ၁၅၇၉ စင်တီမီတာသို့ အသီးသီးရောက်ရှိနေကြပြီး စိုးရိမ်ရေမှတ်အထက်၌ မော်လိုက်မြို့တွင် ၄၄ စင်တီမီတာနှင့် ကလေးဝမြို့၌ ၂၉ စင်တီမီတာ ကျော်လွန်နေကြသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မော်လိုက်မြို့၏ စိုးရိမ်ရေမှတ်စင်တီမီတာ၁၂၃၀နှင့် ကလေးဝမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၅၅၀ အောက်သို့ ကျဆင်းနိုင်သည်။

ဘားအံ

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၅၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်၌ ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်

နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုသည် ထိုနိုင်ငံ၏ သမိုင်းနှင့်ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုကို ဖော်ညွှန်းလျက်ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့သည့် မြန်မာနိုင်ငံတွင် တစ်မျိုးသားလုံးက ခေတ်အဆက်ဆက်တွင် ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားခဲ့ကြသည်။

နိုင်ငံတော်က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်အတွက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ၁၉၉၃ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပပေးခဲ့သည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်၌ အောက်တိုဘာ ၈ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဦးတည်ချက်ငါးရပ်ဖြင့် ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ဦးတည်ချက်ငါးရပ်မှာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဓာတိသွေး၊ ဓာတိမာန် ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဓာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်နှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်တို့ ဖြစ်သည်။

ယခုအခါ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်များသည် ဗဟိုအဆင့်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ပြည်နယ်နှင့်တိုင်းအသီးသီး၌ ယှဉ်ပြိုင်လျက်ရှိကြသည်။ အဆိုနှင့်အတီးပြိုင်ပွဲ များအတွက် သတ်မှတ်ထားသော သီချင်းများကို သက်ဆိုင်ရာက ထုတ်ပြန်ကြေညာထားပြီး ဖြစ်သည်။

သို့ဖြစ်ရာ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အနှစ်သာရများနှင့်အညီ ပါဝင်ယှဉ်ပြိုင်ဆင်နွှဲနိုင်ရေးအတွက် ဝါရင့်အနုပညာရှင်ကြီးများ၏ နည်းစနစ်ပိုင်းဆိုင်ရာ ပြသမှု၊ အနုပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုတို့ဖြင့် အနုပညာမြောက် ယှဉ်ပြိုင်နိုင်ရေး ပြင်ဆင်လေ့ကျင့်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင်အပရာဇိတ ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းလမ်းဆုံ ယမုံနာဓာတ်ပုံတိုက်နေ ဦးအေးကို-ဒေါ်ရွှေမြင့်၊ သမီး မအေးအေးမော်(ယမုံနာ)မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးသိန်းစိုးနှင့် ဦးဘချို့တို့က လက်ခံယူသည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မော်တော်ယာဉ်သုံးပစ္စည်း လျာထားချက်ပြည့်မီအောင်ထုတ်လုပ် အရည်အသွေးနှင့် စံချိန်စံညွှန်း ကိုက်ညီရေးကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၁၈

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ၁၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း အင်းတကော်ဒေသ အမှတ်(၂)စက်မှုဝန်ကြီးဌာန အင်းတကော်စက်မှုနယ်မြေရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း မော်တော်ယာဉ်သုံးပစ္စည်း ထုတ်လုပ်မှုစက်ရုံ၏ မော်တော်ကား ရေတိုင်ကီ (Radiator)ထုတ်လုပ်မှု အလုပ်ရုံကို ကြည့်ရှုစစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးစိန်ဝင်းက မော်တော်ကား ရေတိုင်ကီ အစိတ်အပိုင်းများ ထုတ်လုပ်နေမှုများနှင့် တပ်ဆင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် ကားဘီးခွေ အလုပ်ရုံတွင် မာဇဒါဂျစ်ကားနှင့် တီအီးကားကြီးများအတွက် ကားဘီးခွေ (Disc Wheel)များ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးက စက်ရုံမှထုတ်လုပ်လျက်ရှိသည့်မော်တော်ယာဉ်သုံးပစ္စည်းများအား လျာထားချက်ပြည့်မီအောင် ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းကိုက်ညီရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့နည်းရေး၊ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စာရင်းဇယားနှင့်မှတ်တမ်းများ စနစ်တကျ ပြုစုထားရှိရေးတို့ကို မှာကြားသည်။

ဆွေးနွေးညှိနှိုင်း

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပါရမီလမ်းရှိ လျှပ်စစ်ပစ္စည်းထုတ်လုပ်မှု အလုပ်ရုံ အစည်းအဝေးခန်းမ၌ နိုင်ငံခြားသား ပညာရှင်များနှင့် လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်မှုဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းပြီး မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အလုပ်ရုံမှ ထုတ်လုပ်မည့် လျှပ်စစ်ပစ္စည်း အစိတ်အပိုင်းများ ပြသထားရှိမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းများတွင် အသုံးပြုမည့်ဒိုင်များကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ရန်နိုင်ဆွေ(ငယ်ကျွမ်းဆွေ)အားရည်စူး၍ ၁၆နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တိုက်၂၁၅အခန်း၃၀၊၁၂ လုံးတန်း ရန်ကင်းမြို့နယ်နေ ဇနီး ဒေါ်သင်းဆွေ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၉-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ - ၁း၁၅	"အပျော်ဆုံးနေ့"တရားတော် (သျှောင်ပင်သာ ဆရာတော် ဘဒ္ဒန္တမာလာစာရ)
၇း၅၅ - ၁း၅၅	ဆီးချိုရောဂါကြောင့် မျက်စိအပေါ်သက်ရောက်မှု ဆိုးကျိုးများ (ပါမောက္ခ ဒေါက်တာမြအောင်)
၈း၂၅ - ၂း၂၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၈း၅၅ - ၂း၅၅	ကျန်းမာကြံ့ခိုင်သူတို့၏ စုပေါင်းသွေးလှူဒါန်းပွဲ
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Midweek Sports News
၉း၄၀ - ၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅ - ၃း၄၅	ချမ်းမြေ့စေတာ ချမ်းမြေ့မှာထာဝရရှိပ်သာ
၁၀း၀၀ - ၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅ - ၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	ဓမ္မဒူတအရှင်ဆေကိန္ဒ၏ စက္ခုဒါန မျက်စိ အလင်းဓာတ်အလှူပွဲ
၁၀း၅၀ - ၄း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅ - ၄း၅၅	"ဒါ"ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီဂျော်၊ ဆုပန်ထွာ) [ဒါရိုက်တာ ဝေဠု (ဝဿန်)]
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	မွန်မြတ်လှတဲ့ သာသနာ့အမွေ
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀ - ၅း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၅ - ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ - ၆း၀၀	ဖြောင့်စင်းလှပဆံကေသာအလှ
၁၂း၁၅ - ၆း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၆း၂၀	International Video Topics(ထူးဆန်းထွေလာ အီဂျစ်ကမ္ဘာ)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champions League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၂း၃၀	Sporting-Man Utd	Star Sport (Live)
၁း၀၀	Barcelona-Lyon	ESPN (Live)
၃း၃၀	Arsenal-Sevilla	ESPN(SDD)

19-9 (02) 1 9/19/07, 4:49 AM

သံမဏိစက်မှုဇုန် ကုန်ထုတ်စွမ်းအားမြင့်မားစေရေး မြောင်းတကာဓာတ်အားခွဲရုံသည်အရေးပါ အောင်မြင်တိုးတက်ရေး တီထွင်ကြံဆပူးပေါင်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၈

အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ရန်ကုန်–ပြည်ကားလမ်းမဘေးရှိ 230/33/11KV (60 MVA) မြောင်းတကာ (မှော်ဘီ)ပင်မဓာတ်အားခွဲရုံ တည်ဆောက်ရေးလုပ်ငန်းနှင့် ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေး ထိန်းညှိပေးသည့် Capacitor Bankတပ်ဆင်ခြင်းနှင့် 100 MVAထရန်စဖော်မာများ နေရာချထားမှုလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား မြောင်းတကာဓာတ်အားခွဲရုံ ရှင်းလင်းခန်းမဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း (တောင်ပိုင်း) တည်ဆောက်ထိန်းသိမ်းရေးရုံး တာဝန်ခံအင်ဂျင်နီယာ ဦးကိုဦးနှင့် ပါရမီကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်လှိုင်တို့က မြောင်းတကာဓာတ်အားခွဲရုံ တည်ဆောက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

မှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက မြောင်းတကာ ဓာတ်အားခွဲရုံသည် မြောင်းတကာသံမဏိစက်မှုဇုန် ကုန်ထုတ်စွမ်းအားမြင့်မားစေရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစေရေးအတွက် အရေးပါသည့် ပင်မဓာတ်အားခွဲရုံကြီးဖြစ်ကြောင်း၊ ရွှေတောင်ဓာတ်အားလိုင်း၊ ကမာနတ်(ပဲခူး)ဓာတ်အားလိုင်း၊ လှိုင်သာယာ ဓာတ်အားလိုင်းများ ချိတ်ဆက် ဓာတ်အားပို့လွှတ်မှုအတွက် အချက်အချာကျသည့် ပင်မဓာတ်အားခွဲရုံဖြစ်ကြောင်း၊ မိမိဌာန အောင်မြင်တိုးတက်နေစေရေး ကြိုတင်မျှော်တွေးစနစ်ဖြင့် တီထွင်ကြံဆပြီး ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပင်မဓာတ်အားခွဲရုံအတွင်း Switch Yardနှင့် ဓာတ်အား အဝင်၊ အထွက်လိုင်းများ ချိတ်ဆက်သွယ်တန်းထားမှုများ၊ ဓာတ်အားစနစ် ပိုမိုကောင်းမွန်စေရေး ထိန်းညှိပေးနိုင်ရန် Capacitor Bank တပ်ဆင်ဆောင်ရွက်ထားမှုနှင့် ကားပတ်လမ်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ရုံးချုပ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ် ကွပ်ကဲရေးဌာန (L.D.C)သို့ သွားရောက်ပြီး ဓာတ်အားပေးစက်ရုံများက ပို့လွှတ်၊ လက်ခံရရှိသော ဓာတ်အားများကို ဓာတ်အားလိုအပ်မှုအပေါ် စနစ်တကျ ဖြန့်ဖြူးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ဝန်ကြီးက ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများ အောင်မြင်တိုးတက်စေရေးအတွက် တာဝန်ရှိသူများက ပေါင်းစပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းဆိုင်ရာ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း တွံတေးမြို့နယ် ဘုရားကြီးကျေးရွာ မိဘမဲ့လူငယ်ဖွံ့ဖြိုးရေးမင်္ဂလာပရဟိတ သင်တန်းကျောင်းသို့ စက်တင်ဘာ ၉ ရက်က ဗိုလ်တထောင် ဆိပ်ကမ်း ကျန်းမာရေးအားကစားအဖွဲ့နှင့် နံနက်ခင်းလမ်းလျှောက် မေတ္တာမိတ်ဆွေ များ စုပေါင်း၍ အလှူငွေကျပ် ၅၂သိန်းလှူဒါန်းရာ သင်တန်းကျောင်းဦးစီးနာယက ဆရာတော်ဘဒ္ဒန္တစန္ဒိမာက လက်ခံတော်မူစဉ်။

(က–ပ)

မအူပင်ခရိုင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယမန်နေ့ နံနက်ပိုင်းက မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသော မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၇) သို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က အမှာစကားပြောကြားပြီး ၂၀၀၆–၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသောကျောင်းသားကျောင်းသူများတွင် ခြောက်ဘာသာဂုဏ်ထူးရှင် ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မနော်မီမီဆိုင်၊ ငါးဘာသာ ဂုဏ်ထူးရှင် မအူပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဇော်ကိုထွန်းတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ငါးဘာသာဂုဏ်ထူးရှင်များဖြစ်ကြသော ဓနုဖြူမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ မဆုလတ်နွယ်၊ မဝတ်ရည်လှိုင်၊ ညောင်တုန်းမြို့နယ် အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်ကျော်နိုင်စိုးနှင့် မအူပင်မြို့နယ် အမှတ်(၁) အခြေခံ ပညာအထက်တန်းကျောင်းမှ မအိဖွေးသန့်တို့အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းကလည်းကောင်း၊ ငါးဘာသာ ဂုဏ်ထူးရှင်များ ဖြစ်ကြသော မအူပင်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ခန့်ထူး၊ မောင်ထက်ပိုင်ဖြိုး၊ မခြူးဝင့်သူအောင်နှင့် လေးဘာသာဂုဏ်ထူးရှင် မအူပင်မြို့နယ် အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်းမှ မသင်းဆုနွယ်တို့အား တိုင်းအသင်း အတွင်းရေးမှူး ဦးသန်းထွန်းကလည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လေးဘာသာဂုဏ်ထူးရှင် မအူပင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မရတနာလွင်၊ မချမ်းငြိမ်းသာ၊ ညောင်တုန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပေါင်ပုမ်ထန်နှင့် ဓနုဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ မငြိမ်းအေးခိုင်တို့အား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်းကဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်လှူဒါန်း

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက မအူပင်ခရိုင် ပန်းတနော်မြို့နယ်နှင့် ဓနုဖြူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများသို့ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ တစ်စုံစီကို ပေးအပ်လှူဒါန်းရာ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်၊ ပန်းတနော်မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြင့်သိန်းနှင့် ဓနုဖြူမြို့နယ်အသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းတို့က လက်ခံကြသည်။

ဆက်လက်၍ မအူပင်ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလှူငွေကျပ် နှစ်သိန်းကို ခရိုင်ဥက္ကဋ္ဌ ဦးဌေးဝင်းကလည်းကောင်း၊ မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူငွေကျပ် နှစ်သိန်းကို အမှုဆောင်အရာရှိ ဦးသန်းအေးကလည်းကောင်း၊ ခရိုင်ငါးကန်လုပ်ငန်းရှင်များက အလှူငွေကျပ်သုံးသိန်းကို ပန်းတနော် မြို့နယ်ငါးကန်လုပ်ငန်းရှင် ဗိုလ်ကြီးမောင်မောင်မြင့်(ငြိမ်း)ကလည်းကောင်း၊ မအူပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်ဥက္ကဋ္ဌဦးဘိုထွန်းက လည်းကောင်း၊ ဖိုးလမင်းကုမ္ပဏီမှ ဦးကြင်ငြိမ်းနှင့် ဦးငြိမ်းမြိုင်တို့၏ လှူဒါန်းငွေကျပ်တစ်သိန်းကို ဦးစိုးလှိုင်ကလည်းကောင်း အသီးသီး ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက လက်ခံသည်။

ယင်းနောက် အလှူရှင်များက လှူဒါန်းငွေများကို အသီးသီးပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။ **(သတင်းစဉ်)**

အမှတ်(၇/ဒီ)ကန်ရိပ်သာလမ်း မရမ်းကုန်းမြို့နယ်နေ ကိုအောင်မိုး–မအေးအေးသက်တို့က သားသူရိန်အောင်မိုး မွေးနေ့အလှူအတွက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး လက်ခံယူစဉ်။ (က–ပ)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲသို့ အဝတ်အထည်များလှူဒါန်း၊ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၈

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲသို့ အဝတ်အထည်များလှူဒါန်းခြင်း၊ မိသားစုဝင်များ၏ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ခြင်း၊ မိခင်နှင့်ကလေးများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရတိုက်ကျွေးခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အင်းစိန်မြို့နယ် အကျဉ်းဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

လှူဒါန်း

အစီအစဉ်အရ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကားပြောကြားပြီး အကျဉ်းသူများ၏ ကလေးငယ်များနှင့် မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား အဝတ်အထည်များ လှူဒါန်းရာ အကျဉ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်အေးနှင့် မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဆွေဝင်းတို့က လက်ခံကြသည်။

အသင်းဝင်အဆိုပြုလွှာပေးအပ်

ထို့နောက် အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက မိသားစုဝင်များ၏ ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ ၈၇ စောင်ကို ပေးအပ်ရာ ဒေါ်မာမာဝေက လက်ခံသည်။

တင်ပြ

ယင်းနောက် အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်နွယ်နီစမ်းက အသင်းခွဲ၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့် အဖွဲ့သည် ကလေးငယ်များအား အာဟာရ တိုက်ကျွေးနေမှုကို ကြည့်ရှုအားပေး၍ အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများ ဝေငှပေးပြီး မူလတန်းကြိုကျောင်း၌ ကလေးငယ်များအား စားစရာနှင့် လက်ဆောင်ပစ္စည်းများ ဝေငှပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာကိုချစ်သော မြန်မာတို့၏ အောင်ပွဲ

နေဝင်းထွေး

ပင်ကိုက သိပ်ပြီးဝါသနာမပါလှသဖြင့် ဘောလုံးပွဲများဆိုလျှင် မကြည့်ခဲ့တာများသည်။ သို့သော် စနေနေ့ ရုံးပိတ်ရက်လည်းဖြစ်၊ ထူးခြားလုပ်စရာအလုပ်ကလည်းမရှိသောကြောင့် တီဗွီရှေ့တွင် ထိုင်လိုက်မိသည်။ ၎င်းနောက် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ကို ဖွင့်ကြည့်လိုက်ရာ ၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံ တံခွန်စိုက်အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်လာနေသဖြင့် အပျင်းပြေ ကြည့်လိုက်မိသည်။

မိမိက ဝါသနာမပါသော်လည်း ဝါသနာရှင်များ သုဝဏ္ဏ အားကစားကွင်း၏ လေးဘက်လေးတန်မှာ ပြည့်ကျပ်နေသည်ကို တွေ့လိုက်ရရာ ဘောလုံးအားကစားသည် မြန်မာနိုင်ငံတွင်မှ မဟုတ် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများကပါ စွဲလမ်းနှစ်ခြိုက်သော အားကစားဖြစ်သည်ဆိုသောအချက်ကို ပြန်သတိပြုမိသည်။ ဘောလုံးကို အားကစားတစ်ခုအနေဖြင့် ယှဉ်ပြိုင်ကြသည် မှန်သော်လည်း နိုင်ငံ့ဂုဏ်၊ နိုင်ငံ၏ အဆင့်အတန်းကို မြှင့်တင်ပေးသော အားကစားနည်းကို ပြပါဆိုလျှင် ဘောလုံးအားကစားနည်းသည် ထိပ်ဆုံးမှပဟု ပြောရမလောက်ပင်။ ဘောလုံးပွဲအောင်မြင်မှုက နိုင်ငံ၏သိက္ခာကို တက်စေနိုင်သည်ဆိုသောအချက်ကိုလည်း လက်ခံထားသည်။

ဤသို့ဖြင့် အပျင်းပြေလည်းဖြစ်၊ မြန်မာအမျိုးသမီး အားကစားသမားများ ယှဉ်ပြိုင်သောပွဲလည်းဖြစ်သဖြင့် ဘောလုံးပွဲကို ကြည့်ဖြစ်သွားတော့သည်။ ပွဲ၏အစပိုင်းတွင် ထိုင်းအသင်းက မိမိတို့ အသင်းကို ဖိကစားနေသဖြင့် စိတ်ထဲတွင် အားမလိုအားမရ ဖြစ်မိသည်။ ဒုတိယပိုင်းတွင် မိမိတို့မြန်မာအသင်းက ထိုးဖောက် ကစားသဖြင့် ထိုင်ခုံပေါ်တွင်ပင် ဣန္ဒြေရရ မထိုင်နိုင်တော့ဘဲ ဖင်တကြွကြွ ဖြစ်လာသည်။

မိနစ် ၉၀ အပြည့်ကစားပြီးချိန်အထိ ဂိုးမသွင်းနိုင်ဘဲ သရေကျသဖြင့် ရင်ထဲမှာ ဟာတာတာကြီး ဖြစ်သွားတော့သည်။ ဒါဆိုလျှင် အချိန်ပို ကစားရတော့မည်။ ဘောလုံးဝါသနာအိုးများ တင်စားပြောသော စကားတစ်ခွန်းကို သတိရလိုက်ပြန်သည်။ တစ်စုံတစ်ရာ မသေချာနိုင်ဟု ပြောလိုလျှင် “ဘောလုံးဟာ လုံးတယ်နော်”ဟု ပြောကြသည်။ စိတ်ထဲမှာ မြန်မာအသင်းကို နိုင်စေချင်စိတ်က တအားလွှမ်းမိုးနေပြီ။

ခါတိုင်း ထမင်းအစောကြီးစားတတ်သောမိမိ ထမင်းကိုမေ့နေပြီ။ အချိန်ပိုကို စောင့်ကြည့်ရဦးမည်။ သို့ဖြင့် အချိန်ပိုတွင် မြန်မာနှင့်ထိုင်း တစ်ဂိုးစီသရေဖြစ်ပြန်၏။ အများပြောသလို ဘောလုံးပွဲက မိမိကို ကိုက်ပြီထင်သည်။ ခါတိုင်း “ယောကျ်ားထမင်းစားတော့မလား”ဟု မေးတတ်သော မိန်းမ၊ ဒီနေ့မှ သူလည်း ထူးထူးခြားခြား ယောကျ်ား ဖြစ်သူဘေးမှာ ငုတ်တုတ်။ နှစ်ဖက်အသင်း အင်ပြည့်အားပြည့် ယှဉ်ပြိုင်ရန် အခွင့်အရေးမရှိတော့။ ပယ်နယ်တီဖြင့် အဆုံးအဖြတ် ရယူတော့မှာ ဖြစ်သည်။

မိမိ သိရှိထားသလောက်ဆိုလျှင်လည်း ပယ်နယ်တီဆိုသည်မှာ ဂိုးသမားနှင့် တစ်ယောက်ချင်း၊ အနှောင့်အယှက်ကင်းမဲ့စွာ ကန်သွင်းရသော ဘောလုံးဖြစ်သဖြင့် မဂိုးမရှိ ဂိုးဖို့က ရာခိုင်နှုန်းပြည့်နီးပါးဖြစ်သည်။

ကွင်းထဲတွင် အမှန်တကယ် ဝင်ရောက်ယှဉ်ပြိုင်နေသော အားကစားသမားမဆိုထားနှင့် ဝါသနာမပါသည့် မိမိကိုယ်တိုင်ပင်လျှင် ထိုင်ခုံကို ရှေ့သို့ဆွဲယူကာ တီဗွီထဲဝင်သွားမလောက် ထင်ရအောင် အနီးကပ်ကြည့်လိုက်မိသည်။ ထို့အတူ စိတ်အစဉ်မှာ ထိုင်းအသင်း ကန်သွင်းမည့် ဘောလုံးကို မိမိဖမ်းရမည်ကဲ့သို့ စိတ်တအား လှုပ်ရှားနေမိသည်။

ဘာကြောင့် ဤသို့ဖြစ်ရသနည်း။ ဝါသနာအရင်းခံမရှိဘဲ ဘာကြောင့် ဒီလောက်စိတ်လှုပ်ရှားနေရသနည်းဟု မိမိကိုယ်မိမိ ပြန်လည်ဆန်းစစ်သောအခါ အဖြေကိုသွားတွေ့သည်။ အဓိကအကြောင်းရင်းမှာ ကိုယ်တွင်း၌ ကိန်းအောင်းနေသော မိမိနိုင်ငံကိုချစ်စိတ်၊ မိမိနိုင်ငံအသင်းကို ချန်ပီယံဆုရစေလိုစိတ်ကြောင့်ဖြစ်သည်။

ဤစိတ်ကို လာအနှောင့်အယှက်ပေးနေသည်က ပယ်နယ်တီဟူသည် ကန်သွင်းသမျှ ဝင်တတ်သည်ဆိုသော သဘောတရားနှင့် ထိုင်းအသင်း၏ ကန်ချက်များကို မြန်မာဂိုးသမားက ကာကွယ်နိုင်ပါ့မလားဟူသော အကြောင်းအချက်ပင်ဖြစ်သည်။

ပထမဆုံးဘောလုံးကို မြန်မာက ဦးစွာကန်သွင်းသည်။ ဂိုးပါသည်။ ထို့နောက် ထိုင်းကတစ်လှည့် ပြန်ကန်သွင်းသည်။ ဂိုးပါသည်။ ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာသည်။ ထို့နောက် ဒုတိယမြောက်ဘောလုံးကို မြန်မာအသင်းက ကန်သွင်းသည်။ ဂိုးသည်။ ၎င်းနောက် ထိုင်းဘက်က အသေအချာ ချိန်ရွယ်ကန်သွင်းသည်။ မြန်မာဂိုးသမား သပ်သပ်ရပ်ရပ်နှင့် မလွတ်တမ်း ဖမ်းမိလိုက်သည်။ ဘောလုံးသည် လုံးပါသည်။ အသေအချာ ပင်လုံးပါသည်။ ယုံသွားပါပြီ။ စိတ်ထဲဝမ်းသာလွန်းသဖြင့် ထခုန်လိုက်ရာ ခုံပေါ်မှ ပြုတ်ကျသည်။ ဘောလုံးပွဲ ဝါသနာမပါသည်ကို သိထားသော မိမိဇနီး အလွန်အင်မတန် အံ့ဩလှသောမျက်နှာပေးနှင့် မော့ကြည့်နေသည်။ နှုတ်ကတော့ ဘာမျှမပြော။ သို့သော် သူ့မျက်ဝန်းတွင်လည်း ဝမ်းသာပျော်ရွှင်မှု အရိပ်အယောင်ကို ရုတ်တရက် ရှာဖွေတွေ့ရှိလိုက်သည်။

တတိယမြောက်ဘောလုံးကို မြန်မာကကန်သွင်းသည်။ ဂိုးသည်။ ထိုင်းဘက်က တိုက်စစ်မှူး သွင်းတော့မည်။ ဘောလုံးပွဲကြေညာသူက တိုက်စစ်မှူးသည် ဂိုးသွင်းရာတွင် တိကျသည်၊ သေချာသည်ဟု ကြေညာတော့ စိတ်ထဲမှာတင်းကျပ်လာသည်။ စိတ်ထဲကလည်း ထိုင်းအသင်း သွင်းမည့် အချိန်တွင် “ဘောလုံးဟာပြားပါစေ၊ ပြားပါစေ”ဟု ရွတ်နေမိသည်။ မိမိပဲဆုတောင်းကောင်းသလား။ သူတို့ပဲကံခေသလားမသိ။ ဘောလုံးမှာ ဘားတန်းကျော်သွား၍ မြန်မာဂိုးသမား ဖမ်းပင်မဖမ်းလိုက်ရ။ မြန်မာဂိုးသမားပျော်ရွှင်သဖြင့် ခုန်ပေါက်နေသည်။ မိမိလည်း ဘောလုံးကွင်းထဲရှိပါက သူ့လိုပင် ခုန်ပေါက်နေမိမည်ဖြစ်သည်။ ယခုတော့ အိမ်ထောင်ဦးစီးဖြစ်နေ၍ ဣန္ဒြေသိက္ခာနှင့် ထိုင်နေလိုက်ရသော်လည်း ရင်ထဲတွင်တော့ ဝမ်းသာပီတိဂွမ်းဆီထိသလိုဖြစ်နေသည်။

ကြေညာသူက ဒီတစ်လုံးကတော့ အဆုံးအဖြတ်ပဲဖြစ်ပါတယ်ဟု ကြေညာချိန်မှာ မြန်မာအသင်းကကန်သွင်းသည်။ ထိုင်းဂိုးသမား မဖမ်းနိုင်တော့။ ဂိုးသွားသည်။ ဒီတစ်ခါတော့အိမ်ထောင်ဦးစီးဆိုသော ဣန္ဒြေတွေ၊ သိက္ခာတွေ၊ ဟန်တွေ၊ ပန်တွေ မဆောင်နိုင်တော့ပြီ။ စိတ်လွတ်လက်လွတ် ထခုန်ပစ်လိုက်သည်။ ဇနီးသည်ပြောချင်လည်းပြောစေတော့။

သို့သော် ဇနီးသည်ကား ယခုအချိန်မှာ ဘာမှမပြောတော့။ အဘယ်ကြောင့်ဆိုသော် ၎င်းကိုယ်တိုင်က မြန်မာနိုင်၍ ပျော်ရွှင်မြူးထူးကာ အားရပါးရလက်ခုပ်တီးနေပြီဖြစ်သည်။ ကျွန်တော်တို့အပျော်က ဒီမှာမရပ်။ တီဗွီကိုဆက်ကြည့်နေရာ

စာမျက်နှာ ၅ ကော်လံ ၁ သို့

စေ့စေ့တွေးလိုက်တော့ မြန်မာတိုင်းရင်းသားအားလုံးသည် အမျိုးပျောက်မှာ စိုးကြောက်ကြသူများချည်းဖြစ်ပါသည်။ အမျိုးစစ်၍လည်း အမျိုးကို ချစ်ကြသူများဖြစ်ပါသည်။ ဤဘောလုံးပွဲမှ လှစ်ဟပြသလိုက်သည့် မျိုးချစ်စိတ်ဓာတ်ကား ‘ငါကမျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ကွ’ ဟု ထုတ်ဖော်ပြောစရာမလိုလောက်အောင် ပြည့်စုံသွားခဲ့ပါသည်။ ဘောလုံးပွဲလေးတစ်ပွဲကိုတောင် မြန်မာလူထုက နိုင်စေလိုလျှင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်သူ မဖြစ်စေချင်ဘဲ နေပါ့မလဲဟု ဆိုချင်ပါသည်။

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းကို အားကစားဝါသနာရှင်များ ဤသို့တစ်ခဲနက် ကြည့်ရှုအားပေးခဲ့ကြသည်။

ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

သုဝဏ္ဏအားကစားကွင်းအတွင်း ကွင်းလုံးလျှံမျှ အားပေးနေသော ပရိသတ်ကြီးလည်း အပျော်မရပ်၊ ကွင်းထဲက မြန်မာအမျိုးသမီး အားကစားသမားတို့လည်း အပျော်မရပ်ကြ။ အားလုံးပျော်နေကြသည်။ ထို့အတူ တစ်နိုင်ငံလုံးတွင် ရုပ်မြင်သံကြားကြည့်ရှုနေကြသော မြန်မာတိုင်းရင်းသားများအားလုံးလည်း ပျော်နေကြမည်မှာမလွဲပါ။

ဘောလုံးပွဲတစ်ပွဲနိုင်တာနဲ့ ဘာလို့ အဲဒီလောက်ပျော်နေကြသနည်း။ စဉ်းစားကြည့်မိပြန်သည်။ ဤနေရာတွင် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို သွားတွေ့သည်။ ကျွန်တော်တို့ တစ်မျိုးသားလုံး၏ ရင်ဝယ်ကိန်းအောင်းနေသော မျိုးချစ်စိတ်ကား ယခုဘောလုံးပွဲတွင် ထင်းထင်းကြီးပေါ်လာ၍ ဖြစ်သည်။ ဘောလုံးပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော အမျိုးသမီးဘောလုံး အားကစားသမားများ၏ စိတ်တွင်လည်း ကစားနေစဉ်မှာပင် ငါတို့နိုင်မှ ဖြစ်မယ်။ ငါတို့မြန်မာအသင်းနိုင်မှဖြစ်မယ်။ ငါတို့နိုင်ငံတော်အလံ လွှမ်းခြုံပြီး မြန်မာလူထုရှေ့မှာ ပျော်ရွှင်မြူးထူးစွာပတ်ပြီး လှည့်ပြနိုင်ရမယ်ဆိုသော မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့၍ ယခုကဲ့သို့ အောင်မြင်ခဲ့ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် ကိုယ်တိုင်ဝင်ရောက် ယှဉ်ပြိုင်ကစားခြင်း မပြုရသော်လည်း ယှဉ်ပြိုင်ကစားသူများကို အားပေးနေသော ပရိသတ်ကြီးကိုလည်း ကြည့်လိုက်ပါဦး။ ၎င်းတို့က ဘယ်သူ့အတွက် အားပေးနေသည်ဟု ထင်သနည်း။ ၎င်းတို့အားပေးနေသည်မှာလည်း မြန်မာအသင်းနိုင်ဖို့၊ အာဆီယံမှာ မြန်မာဟေ့လို့ ကြွေးကြော်နိုင်ဖို့ပင်ဖြစ်သည်။ ချွေးသံရွှဲရွှဲဖြင့် မိမိတို့နေရာတွင် ထိုင်ပင်မထိုင်နိုင်ဘဲ လက်သီးလက်မောင်းတန်းကာ အသံကုန်ဟစ်အော်အားပေးနေကြသည်။ နိုင်ငံတော်အလံများ တလူလူလွင့်နေသည်။ Myanmar ဟူသော စာလုံးများ၊ စာတန်းများ၊ ခေါင်းစည်းများ လက်ညှိုးထိုးမလွဲ တွေ့နေရသည်။ မြန်မာကို မြန်မာတို့ ချစ်ကြပါသည်။

မြန်မာတို့မျိုးချစ်စိတ်ဓာတ်ရှိပုံကား ယခုမှမဟုတ်။ ယခင့်ယခင် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံဘောလုံးအသင်းများ ယှဉ်ပြိုင်ကစားမှုများကို မြန်မာ့ရုပ်မြင်သံကြားတွင် တိုက်ရိုက်ထုတ်လွှင့်ပြီဆိုလျှင် မြန်မာအသင်းဘက်က နိုင်မနိုင်၊ အခြေအနေကောင်းမကောင်းကို တီဗွီကြည့်ရန်မလိုပါ။ လမ်းပေါ်လျှောက်ရင်းနှင့်"ဟေး"ဟု တစ်ရပ်ကွက်လုံး ဟိန်းသွားအောင် အော်သံကြားလိုက်သည်နှင့် မြန်မာအသင်းဘက်က ဂိုးရပြီဆိုတာတန်းသိပါသည်။ "ဟာ"ဟုတစ်ရပ်ကွက်လုံး ညံသွားလျှင် မြန်မာအသင်းသွင်းသောဂိုးမဝင်ဘဲ လွဲချော်သွား၍သာ ဖြစ်ပါသည်။ ဘောလုံးပွဲပြသနေစဉ် ပရိသတ်အားလုံး ငြိမ်သက်နေလျှင် မြန်မာအသင်းဘက်က အသည်းအသန်ကာကွယ်နေရ၍ဖြစ်စေ၊ ဂိုးအသွင်းခံထားရ၍ဖြစ်စေ ဖြစ်နိုင်ပါသည်။ မြန်မာတို့က မြန်မာကို အဲဒီလောက်တောင် ချစ်ကြသည်။

ဤသုဝဏ္ဏအားကစားကွင်းမှ လူထုသာမဟုတ်၊ ဘောလုံးပွဲထုတ်လွှင့်ချိန် တီဗွီရှေ့ရောက်နေသော မြန်မာများအားလုံးလည်း ထိုနည်းတူပင်ဖြစ်သည်။ ဤအချိန်တွင် မြန်မာဘက်က ဂိုးမရပါစေနှင့်ဟု ဆုတောင်းသူတစ်ယောက်မျှမရှိတာ သေချာပါသည်။ တစ်ဆက်တည်းမှာပင် တီဗွီမြင်ကွင်းထဲကို ကြည့်လိုက်ပြန်တော့ ကလေးသူငယ်၊ လူရွယ်၊ လူလတ်မှစ၍ အသက်ကြီးကြီး အဘိုး၊ အဘွားတို့အထိ ဟစ်ကြွေးအားပေးနေသည်ကို မြင်တွေ့ရပါသည်။ မြန်မာတို့နိုင်ပြီဟု သိလိုက်ချိန်တွင် ပျော်ရွှင်စွာကနေသော အဘွားနှင့် လက်ခုပ်တီးပေးနေသော အဘိုးတို့ကို တွေ့ရပြန်သည်။ စိတ်ထဲတွင် အလွန်ဝမ်းသာကြည်နူးဖြစ်ရသည်။ သာမန်အားဖြင့် ဘောလုံးပွဲတစ်ပွဲမှ ထုတ်ဖော်ပြသလိုက်သော မြန်မာတို့၏ မျိုးချစ်စိတ်ကား နိုင်ငံတကာသို့ပင် ရောက်ရှိသွားတော့မည်။ တီဗွီမြင်ကွင်းတွင် ထူးခြားချက်တစ်ခုကို သတိပြုမိလိုက်သေးသည်။ ၎င်းမှာ မိမိတို့နိုင်ငံတွင်း နိုင်ငံသားအဖြစ် ညီရင်းအစ်ကိုပမာ မှီတင်းနေထိုင်ကြသော ဘာသာခြားလူမျိုးများပင် ပျော်မြူး၍ ခုန်ပေါက်နေကြသည်။ သြော်...သူတို့လည်း ဒီမြေမှာနေ၊ ဒီရေကိုသောက်၊ ဒီဆန်ကိုစား၍ ဒီနိုင်ငံသည် ငါတို့နိုင်ငံဟူ၍ပင် ခင်တွယ်နေကြပြီပဲဟု တွေးကာ ကြည်နူးမိပြန်သည်။

ဤသုဝဏ္ဏအားကစားကွင်းကြီး ကွင်းလုံးပြည့်မျှ လူကြီး၊ လူငယ်၊ လူရွယ်၊ လူလတ် လာရောက်စုစည်းမိကြသော်လည်း တစ်ဦးနှင့် တစ်ဦး ညီရင်းအစ်ကိုပမာ ဟစ်အော်အားပေးမှုများကိုသာ တွေ့ရသည်။ မည်သည့် ပြစ်မှုပြဿနာမှလည်း မဖြစ်ကြ။ အားလုံးညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင် စုစုစည်းစည်း အားပေးနေကြသည်။ ပယ်နယ်တီ ကန်ရန် စောင့်ဆိုင်းနေစဉ်မှာပင် မည်သူတစ်ဦးတစ်ယောက်ကမျှ မလှုံ့ဆော်ရဘဲ မျိုးချစ်စိတ်၏ လှုံ့ဆော်မှုဖြင့် နိုင်ငံတော်သီချင်းကို ကွင်းလုံးညံမျှ ဟစ်ကြွေးသီဆို နေကြသည်။

စေ့စေ့တွေးလိုက်တော့ မြန်မာတိုင်းရင်းသားအားလုံးသည် အမျိုးပျောက်မှာစိုးကြောက်ကြသူများချည်းဖြစ်ပါသည်။ အမျိုးစစ်၍လည်း အမျိုးကို ချစ်ကြသူများဖြစ်ပါသည်။ ဤဘောလုံးပွဲမှ လှစ်ဟပြသလိုက်သည့် မျိုးချစ်စိတ်ဓာတ်ကား 'ငါကမျိုးချစ်စိတ်ဓာတ်အပြည့်နဲ့ကွ' ဟု ထုတ်ဖော်ပြောစရာမလိုလောက်အောင် ပြည့်စုံသွားခဲ့ပါသည်။ ဘောလုံးပွဲလေးတစ်ပွဲကိုတောင် မြန်မာလူထုက နိုင်စေလိုလျှင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရာဖွံ့ဖြိုးကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကို ဘယ်သူမဖြစ်စေချင်ဘဲ နေပါ့မလဲဟု ဆိုချင်ပါသည်။

မြန်မာကို အဲသလောက်ချစ်သော မြန်မာများနေသည့် နိုင်ငံဖြစ်သဖြင့် မြန်မာနိုင်ငံကို ပျက်စီးအောင်၊ ပြိုကွဲအောင် လုပ်ဆောင်လာမည်ဆိုလျှင်တော့ မြန်မာချစ်သော မြန်မာများသည် လက်ပိုက်ကြည့်နေကြမည့်သူများ မဟုတ်ကြောင်းပါခင်ဗျား။ ။

(၃၄)ကြိမ်မြောက် လောကနတ်ပန်းချီပြပွဲ

အနုပညာမြင်ကွင်း - မောင်ချစ်ကြည်၊ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၈

လောကနတ် ပန်းချီပြခန်း၏ (၃၄)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသသည့် "(၃၄)ကြိမ်မြောက် လောကနတ် Members Showပန်းချီပြပွဲ" ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း အမှတ်(၆၂)ရှိ လောကနတ်ပန်းချီပြခန်း၌ စက်တင်ဘာ ၇ ရက်မှ စက်တင်ဘာ ၃၀ အထိ ခင်းကျင်း ပြသလျက်ရှိသည်။

လက်ရာကောင်း

အဆိုပါပန်းချီပြပွဲ၌ ပန်းချီဆရာ ၁၂ဦးတို့၏ ဆီဆေး၊ ရေဆေး၊ အခရိုင်းလစ်တို့ဖြင့် ရေးဆွဲထားသော ပန်းချီကားပေါင်း ၇၃ ကားကို ခင်းကျင်းပြသထားသည်။ အတွေ့အကြုံရင့်ကျက်သည့် ပန်းချီဆရာကြီးများ၏ လက်ရာကောင်းများကို မြင်တွေ့ရသည်။

ခင်းကျင်းပြသထားသောပန်းချီကားများအနက် ပန်းချီဆရာ ဖေသဏ်း၏ **"ဈေး"**အမည်ရှိပန်းချီကားမှာ အသက်ဝင်လှသည်။ အခရိုင်းလစ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး နံနက်ခင်း နေရောင်ဖြာကျနေပုံ၊ ဈေးရောင်း ဈေးဝယ်သူတို့၏ လှုပ်ရှားနေဟန်များကို တကယ့်မြင်ကွင်းအတိုင်း ရေးဆွဲထားခြင်းဖြစ်သည်။ အရောင်ရွေးချယ်မှုနှင့် ဖွဲ့စည်းမှုအားကောင်းသော ပန်းချီကားတစ်ခု ဖြစ်သည်။

ပန်းချီဆရာ ညောင်လေးပင်သန်းဝင်းက သားအမိသုံးယောက် ဆက်လျှောက် ပန်းချီကားကို ဆီဆေးဖြင့် ဤသို့ ခြယ်မှုန်းထားသည်။
(မြန်မာ့အလင်း)

ရေဆေး

တစ်ဖန် ပန်းချီဆရာစောလှိုင်၏ **"ဖိုးကလားကျွန်း"**အမည်ရှိ ရေဆေးပန်းချီကားမှာလည်း ချောင်းသာရှိ ဖိုးကလားကျွန်း၏မြင်ကွင်းကို ရှုထောင့်ကောင်းကောင်းဖြင့် ရေးဆွဲထားသည်။ သစ်ပင်၊ ရေတိမ်၊ လှေနှင့် ရေပြင်ပေါ်တွင်ထင်ဟပ်သောအရောင်နှင့် အရိပ်များပါမကျန် အရောင်စုံလင်စွာဖြင့် ခြယ်မှုန်းရေးဆွဲထားသည့် ပန်းချီကားဖြစ်သည်။

ပေါ်လွင်စွာ

ထို့အပြင် ပန်းချီဆရာကြည်ဝင်း၏ **"မြစ်ဆုံမှ ရွှေရှာသူများ"**အမည်ရှိ ဆီဆေးဖြင့်ရေးဆွဲထားသောပန်းချီ ကားမှာလည်း သဘာဝကျစွာ မြင်တွေ့ရသည်။ မြစ်ဆုံရှိ ကမ်းခြေတစ်နေရာတွင် ရွှေရှာဖွေနေကြသူများ၏ မြင်ကွင်းကို ရှင်းလင်းစွာ ရေးဆွဲတင်ပြထားသည်။ ရေ၊ ကျောက်တုံးလေးများ၊ လူနှင့် တောင်တန်းများကို တစ်ခုချင်း ပေါ်လွင်စွာ ခြယ်မှုန်းထားနိုင်သည်။

ထို့အတူ ပန်းချီဆရာ ညောင်လေးပင် သန်းဝင်း၏**"သားအမိသုံးယောက်ဆက်လျှောက်"**ပန်းချီကားမှာ ဆီဆေးဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး နေကိုကျောပေးကာ ထီးတစ်လက်ကိုင်၍ လမ်းလျှောက်နေကြသော သားအမိသုံးဦး၏ ပုံဖြစ်သည်။ မြေနီလမ်း၊ သစ်ပင်၊ အရိပ်တို့ကို အရောင်များဖြင့် အားကောင်းစွာ တင်ပြထားသည့် ပန်းချီကားဖြစ်သည်။

ခြယ်မှုန်းထား

တစ်ဖန် ပန်းချီဆရာဝင်းဖေမြင့်၏ **"ဒလဆိပ်ကမ်း"** အမည်ရှိ ပန်းချီကားမှာ ဒလဆိပ်ကမ်း၌ သင်္ဘောများဆိုက်ကပ်ရပ်နားနေပုံကို နီညို၊ အပြာ၊ အဖြူ၊ အစိမ်းရောင်များ အသုံးပြုကာ ကမ်းစပ်၊ သင်္ဘော၊ ရေပြင်နှင့် သစ်ပင်များကိုသဘာဝကျကျ ရေးဆွဲဖော်ကျူးထားသည့် ပန်းချီကား ဖြစ်သည်။ အမြင်ရှင်းစွာ မြင်တွေ့နိုင်အောင် ခြယ်မှုန်းထားသည်။

"ရှေးရိုးအမွေ"ဟု အမည်ပေးထားသော ပန်းချီဆရာ မြသောင်း၏ အခရိုင်းလစ်ဖြင့် ရေးဆွဲထားသည့် ပန်းချီကားမှာလည်း ရှေးခေတ်အဆောက်အအုံတစ်ခု၏ ပုံရိပ်ကို ကြည့်သူရင်တွင် ခံစားနိုင်အောင် ရေးဆွဲထားနိုင်သည့် လက်ရာမြောက် ပန်းချီကားဖြစ်သည်။

သို့ဖြစ်၍ ဝါရင့်ပန်းချီဆရာကြီးများ၏ ပန်းချီလက်ရာကောင်းများသာ ခင်းကျင်းပြသထားသည့် "(၃၄)ကြိမ်မြောက် လောကနတ် Members Show ပန်းချီပြပွဲ"သို့ သွားရောက်ကြည့်ရှု လေ့လာသင့်ပါကြောင်း အနုပညာမြင်ကွင်း တင်ဆက်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ရှေးရိုးအမွေဟု အမည်ပေးထားသော ပန်းချီဆရာမြသောင်း၏ အခရိုင်းလစ်ပန်းချီလက်ရာ။
(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

အသက်ရှည်ရာအနာမဲ့ရေး ကိုယ်လက်လှုပ်ရှားပေး

ဗြိတိန်နိုင်ငံ၏ အရွယ်ရောက်အများစုသည် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်း မပြုလုပ်လိုကြကြောင်း၊ လေ့ကျင့်ခန်းမလုပ်လျှင် အသက်ရှည်ရှည် မနေရဟူသော အန္တရာယ်သည်ပင်လျှင် ၎င်းတို့အား ဆိုဖာပေါ်မှထလာရန် မလှုံ့ဆော်နိုင်ကြောင်း လေ့လာတွေ့ရှိရသည်ဆို၏။

၃၈ ရာခိုင်နှုန်း

"အသက်ရှည်ရာ အနာမဲ့ရေးမှာ ကိုယ်လက်လှုပ်ရှားမှုအပေါ်မူတည်နေလျှင်တော့ လုပ်ရမည်ပေါ့"ဟူ၍ မေးမြန်းသူများအနက် ၃၈ရာခိုင်နှုန်းက ဖြေကြားသည်ဆို၏။

သုံးပုံတစ်ပုံ

ပြည်သူသုံးပုံတစ်ပုံကသာ ကိုယ်လက်လှုပ်ရှားမှုအလုံအလောက် ပြုလုပ်ကြသည်ဟု ဗြိတိန်နှလုံးဖောင်ဒေးရှင်း စာရင်းများ၌လည်း တွေ့ရသည်။

ကိုယ်အလေးချိန် ပုံမှန်ရှိသူများသည်ပင်လျှင် ကိုယ်လက်လှုပ်ရှားမှု မရှိလျှင် အန္တရာယ်ရှိကြောင်း ကျွမ်းကျင်သူများက သတိပေးထားသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်ကုန်သွယ်မှု ၄၅ ရာခိုင်နှုန်း ပါဝင်ဖြည့်ဆည်းလျက်ရှိ ဆန်စပါးထုတ်လုပ်သည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများပြုခြင်းဖြင့် အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် စက်တင်ဘာ ၁၈

ဧရာဝတီ–ကျောက်ဖရား–မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအဖွဲ့ (Ayeyawady- Chaophraya- Mekong Economic Co- operation Strategies- ACMECS) လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းအဖွဲ့ တတိယအကြိမ်အစည်းအဝေး (The Third Meeting of the Sectoral Working Group on Agricultural Co-operation under ACMECS) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၁ နာရီက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ပုဂံမြို့၌ ၂၀၀၃ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးနှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်းကျင်းပသည့် ဒုတိယအကြိမ် အက်မက်စ် ထိပ်သီးအစည်းအဝေးများတွင် မိမိတို့ဒေသအတွင်း လယ်ယာစိုက်ပျိုးရေးကဏ္ဍ၏ အရေးပါမှုအခန်းကို အလေးထား ဆွေးနွေးခဲ့ကြကြောင်း၊ အက်မက်စ်၏ ၂၀၀၆ ခုနှစ် ရှေ့လုပ်ငန်းစဉ်တွင်လည်း လယ်ယာကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များအဖြစ် စိုက်ပျိုးထုတ်လုပ်မှု စွမ်းရည်မြင့်မားရေး၊ လယ်ယာထွက်ကုန် ဈေးကွက်များ ပိုမိုကျယ်ပြန့်စေရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဖက်စပ်လုပ်ငန်းနှင့် သုတေသနလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးရေးကို သတ်မှတ်ပေးခဲ့ကြောင်း။

ရှာဖွေဖော်ထုတ်

ထိုရည်မှန်းချက်များကို ပြည့်မီစေရေးအတွက် မိမိတို့လယ်ယာကဏ္ဍဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်ထားသည့် ဘုံစီမံကိန်းများ၊ နှစ်နိုင်ငံချင်းစီမံကိန်းများ၏ အကောင်အထည်ဖော်မှု အခြေအနေများနှင့် တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲများကို ပြန်လည်သုံးသပ်သည့် အားလုံးလက်ခံဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရမှာပင်ဖြစ်ကြောင်း။

လွန်ခဲ့သည့် နှစ်များအတွင်း မိမိတို့ အနေဖြင့် အက်မက်စ် မဟာဗျူဟာ ရည်မှန်းချက်များကိုလက်တွေ့အကောင်အထည်ဖော်နိုင်ရန် အတူတကွ လက်တွဲကြိုးပမ်းခဲ့ကြကြောင်း၊ သို့သော်လည်း မိမိတို့၏ ကြိုးပမ်းဆောင်ရွက်မှုများသည် စွမ်းဆောင်နိုင်စွမ်း ရှိသလောက် အပြည့်အဝမရရှိဘဲ ပိုမိုလက်တွေ့ကျကျ ဆောင်ရွက်နိုင်ရန် လိုအပ်နေကြောင်းကို သတိပြုမိကြောင်း။

ပိုမိုအားထည့်

တစ်ချိန်တည်းမှာ မိမိတို့၏ ဘုံစီမံကိန်းများနှင့် နှစ်နိုင်ငံချင်းစီမံကိန်း အကောင်အထည်ဖော်မှုများသည်လည်း တိုးတက်ဆောင်ရွက်နိုင်မှုမှာ နှေးကွေးနေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီမံကိန်း အကောင်အထည်ဖော်မှုများတွင် ပိုမိုအားထည့်ပြီး သွက်သွက်လက်လက် ဆောင်ရွက်ရန် လိုအပ်နေသည်ကို သုံးသပ်မိကြောင်း။

ယခင် အက်မက်စ်အစည်းအဝေးများနှင့် ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့၌ ယခုနှစ်ဆန်းပိုင်းက ကျင်းပခဲ့သည့် အက်မက်စ်ခေါင်းဆောင်များ၏ နှစ်လည်သုံးသပ်မှု အစည်းအဝေးတွင် ထိုင်းနိုင်ငံနှင့် ဆက်စပ်နေသည့် နှစ်နိုင်ငံချင်းစီမံကိန်းများမှာ တိုးတက်မှုများရရှိနေကြောင်းကို သုံးသပ်ခဲ့ကြကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ထိုင်းနိုင်ငံအစိုးရ၏ မိမိတို့အဖွဲ့ဝင် နိုင်ငံအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်သည့် နှစ်နိုင်ငံချင်းစီမံကိန်းများ၊ အထူးသဖြင့် လူ့စွမ်းအားဖွံ့ဖြိုးမှု ဆိုင်ရာ သင်တန်းအစီအစဉ်များတွင် ထိထိရောက်ရောက် အကောင်အထည် ဖော်နိုင်ရန် ကူညီထောက်ပံ့မှုများ ပေးလျက်ရှိသည်ကို များစွာမှပင် ကျေးဇူးတင်ရှိကြောင်း။

ဆွေးနွေးသတ်မှတ်

ထိုင်းနိုင်ငံ ချင်းရိုင်မြို့၌ ၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်း ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကြိမ်မြောက် လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် လယ်ယာကဏ္ဍဆိုင်ရာ ဘုံစီမံကိန်း ခုနစ်ခုနှင့် နိုင်ငံချင်းစီမံကိန်း ၂၈ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ဆွေးနွေးသတ်မှတ်ခဲ့ကြောင်း၊ သို့သော်လည်း ထိုစီမံကိန်းများအနက် အများစုသည် စဉ်းစားနေဆဲ အဆင့်သာရှိပြီး အမှန်လုပ်ငန်းစတင်နိုင်ရန် လိုအပ်နေသေးသည်ကို တွေ့ရှိရကြောင်း။

အဖွဲ့ဝင်နိုင်ငံများ အားလုံးအနေဖြင့် ဤလိုနှစ်နိုင်ငံချင်းစီမံကိန်းများတွင် တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် များစွာမှပင် စိတ်ဝင်တစားရှိကြသော်လည်း မိမိတို့ အက်မက်စ်အဖွဲ့အတွင်း ရန်ပုံငွေအခက်အခဲများရှိနေကြောင်း၊ ထို့ကြောင့် လက်ရှိအခြေအနေအရ မိမိတို့မျှော်မှန်းသည့် စီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် လိုအပ်မည့်ရန်ပုံငွေများ စုစည်းရရှိရေးကို ထိရောက်သည့် စီမံချက်များနှင့် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် လက်ရှိစီမံကိန်းများကို ပြန်လည်သုံးသပ်ပြီး မိမိတို့၌ရှိသည့် ရန်ပုံငွေနှင့် အမှန်ဆောင်ရွက်နိုင်သည့် ဦးစားပေး စီမံကိန်းများကို ပြန်လည်သတ်မှတ်ရန်လိုအပ်နေကြောင်း။

ထောက်ပံ့ဖြည့်ဆည်း

အများသိရှိကြပြီးဖြစ်သည့်အတိုင်း ဆန်စပါးသည် မိမိတို့ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ အခြေခံစားသုံးရိက္ခာသီးနှံဖြစ်ပြီး ကျေးလက်ပြည်သူများ၏ အဓိကအသက်မွေးမှု လုပ်ငန်းဖြစ်သည့်အပြင် ကမ္ဘာ့ဆန်ကုန်သွယ်မှုတွင်လည်း အချိုးအစားများစွာ ပါဝင်လျက်ရှိခြင်းဖြင့် စားနပ်ရိက္ခာလုံခြုံမှုအတွက် ထောက်ပံ့ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

များစွာအရေးပါ

မြန်မာနိုင်ငံအနေဖြင့်လည်း ဆန်စပါးကို မြန်မာနိုင်ငံ၏ ပင်မရိက္ခာသီးနှံအဖြစ် သတ်မှတ်ထားပြီး လက်ရှိအားဖြင့် စုစုပေါင်း စိုက်ပျိုးဧရိယာဟက်တာ ၈ ဒသမ ၁ သန်းမှ ဆန်တန်ချိန် ၁၄ ဒသမ ၇ သန်း ထုတ်လုပ်လျက်ရှိကြောင်း၊ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအားလုံး၏ ဆန်ထုတ်လုပ်မှုသည် တစ်နှစ်ထုတ်လုပ်မှုတန်ချိန် ၅၅ သန်းရှိပြီး ကမ္ဘာ့စုစုပေါင်း ထုတ်လုပ်မှု၏ ၁၃ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ထို့ပြင် ကမ္ဘာ့ဆန်ကုန်သွယ်မှုအတွင်း တစ်နှစ်လျှင် ပျမ်းမျှတန်ချိန် ၁၃ သန်း ပါဝင်လျက်ရှိသည့်အတွက် စုစုပေါင်း ကမ္ဘာ့ဆန်ကုန်သွယ်မှု၏ ၄၅ ရာခိုင်နှုန်း အချိုးအစားဖြင့် ပါဝင်ဖြည့်ဆည်းလျက်ရှိကြောင်း၊ ထို့ကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်ဈေးနှုန်းများ တည်ငြိမ်ရေးသည် မိမိတို့ အက်မက်စ်နိုင်ငံ၏ လူဦးရေအများစုဖြစ်သည့် စပါးစိုက်တောင်သူများ၏ ဝင်ငွေများ တိုးတက်ရရှိရေးတွင် များစွာအရေးပါ လိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သည့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများအတွင်း ဆန်စပါးထုတ်လုပ်မှုစွမ်းရည်နှင့် ဆန်အရည်အသွေးများကို တိုးတက်ကောင်းမွန်ရေး၊ ဈေးကွက်ကွန်ရက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကုန်သွယ်မှုချောမွေ့ရေး၊ အဖွဲ့ဝင်နိုင်ငံများရှိ ဆန်စပါးထုတ်လုပ်သူများနှင့် ရောင်းဝယ်ဖောက်ကားသည့် အဖွဲ့အစည်းများ အချင်းချင်း ပိုမိုနားလည်မှု၊ အပြန်အလှန်ကူညီမှုများတိုးမြှင့်ရေး စသည့်လုပ်ငန်းများတွင် အချင်းချင်းပိုမိုနီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုခြင်းဖြင့် အက်မက်စ်အဖွဲ့ဝင် နိုင်ငံများ အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ယခုကဲ့သို့ အဖွဲ့ဝင်နိုင်ငံများ၏ အကျိုးဖြစ်ထွန်းစေရန် ဆောင်ရွက်ရာတွင် နိုင်ငံအသီးသီး၏ ပကတိအခြေအနေမှန်များအပေါ် လုပ်နိုင်ကိုင်နိုင်ရှိမည့် နည်းလမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှု အလားအလာ နယ်ပယ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးပြီး သင့်လျော်သည့် မူဝါဒများ ချမှတ်ကျင့်သုံးသင့်ကြောင်း။

မိမိအနေဖြင့် ယနေ့ကျင်းပပြုလုပ်သည့် လုပ်ငန်းအဖွဲ့ အစည်းအဝေးမှ ထိုအက်မက်စ် ဆန်စပါး ပူးပေါင်းဆောင်ရွက်မှု၏ ရှေ့လုပ်ငန်းစဉ်အတွက် အကျိုးရှိမည့် ထောက်ခံချက် ရလဒ်ကောင်းများ ထွက်ပေါ်လာလိမ့်မည်ဟု ယုံကြည်ကြောင်း။

ရည်မှန်းဆောင်ရွက်

မြန်မာနိုင်ငံသည် မိမိတို့အိမ်နီးချင်းနိုင်ငံများနှင့် နှစ်နိုင်ငံချင်းအနေဖြင့်ရော အားလုံးစုစည်းပါဝင်ဆောင်ရွက်မှုများမှာပါ နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်လျက်ရှိကြောင်း၊ လွန်ခဲ့သည့် နှစ်များအတွင်း မိမိတို့အနေဖြင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် ယခု အက်မက်စ်မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုအဖွဲ့အပြင် အာဆီယံ၊ မဟာမဲခေါင် ဒေသခွဲပူးပေါင်းဆောင်ရွက်မှုအဖွဲ့နှင့် ဘင်းမ်စတက် အဖွဲ့များမှာပါဝင်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြင့်မားအောင် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အက်မက်စ် လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍတွင် ဦးဆောင်ညှိနှိုင်းဆောင်ရွက်သည့် နိုင်ငံဖြစ်သည်နှင့်အညီ အက်မက်စ် စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် ဒေသခွဲအတွင်းရှိ ပြည်သူများ၏ အကျိုးစီးပွား တိုးတက်ရရှိရေးအတွက် အက်မက်စ်အဖွဲ့ကြီး၏ လုပ်ငန်းများတွင် ဆက်လက်ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

လေ့လာရေးခရီးစဉ်

အစည်းအဝေးပြီးသည့်နေ့တွင် တက်ရောက်လာသည့် ကိုယ်စားလှယ်တွေအတွက် နေပြည်တော် အနီးတစ်ဝိုက်မှာရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေဖြစ်သော ရေအားလျှပ်စစ် စီမံကိန်း၊ စိုက်ပျိုးရေးဆိုင်ရာ သုတေသနနှင့် တက္ကသိုလ်များကို လေ့လာရေးခရီးစဉ်တစ်ရပ် စီစဉ်ထားပါကြောင်း၊ ကိုယ်စားလှယ်များအနေနှင့် လုပ်ငန်းအဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အကြံပြုချက်များ ပေးကြရန်လည်း မေတ္တာရပ်ခံအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ ဧရာဝတီ–ကျောက်ဖရား–မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာအဖွဲ့ လယ်ယာစိုက်ပျိုးရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စဆိုင်ရာလုပ်ငန်းအဖွဲ့၏ တတိယအကြိမ် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေမြန်မာဟိုတယ်၌ ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွန်းဦးက ဆောင်ရွက်သည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမှတ် ၁၆၈ ရပ်ကွက်တွင် ဖွင့်လှစ်ထားသော အလင်းတန်း သုတရိပ်မြုံ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း အခမ်းအနားကို စက်တင်ဘာ၄ ရက်က ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ မြို့နယ် ဦးစီးမှူး ဒေါ်ဆွေဆွေဦး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးသိန်းစိုးဝင်း၊ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

တောင်ငူကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်စည်းဝေး
တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း တက်ရောက်အမှာစကားပြောကြား၊ ထူးချွန်ဆုချီးမြှင့်ပေးအပ်

နေပြည်တော် စက်တင်ဘာ ၁၈

ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူမြို့ရှိ ရွှေနှင်းဆီဓမ္မဗိမာန်၌ ကျင်းပသော ၃၆၅ ရက် နေ့စဉ် အရုဏ်ဆွမ်း လောင်းလှူခြင်းအခမ်းအနားသို့ တက်ရောက်၍ တောင်ငူမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အသင်းသား အသင်းသူများနှင့်အတူ သံဃာတော်အပါး ၁၂၀၀ အား အရုဏ်ဆွမ်းများ လောင်းလှူဆက်ကပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် တောင်ငူမြို့အသင်းခန်းမ၌ ကျင်းပသော ပဲခူးတိုင်း တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၇) အခမ်းအနားသို့ တက်ရောက်သည်။

အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တောင်ငူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်စိုးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြသည်။

ယင်းနောက်ပဲခူးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နာယက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်ကိုကိုက ပညာရည်ထူးချွန်ဆုငါးဘာသာဂုဏ်ထူးဆုရရှိသူကျောင်းသားကျောင်းသူ ရှစ်ဦးအား ဆုများကို ချီးမြှင့်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ပညာရည်ထူးချွန်ဆုရရှိသူ ကျောင်းသား ကျောင်းသူ နှစ်ဦးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ထူးချွန်ဆု၊ စည်းရုံးရေးထူးချွန်ဆု၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာ ထူးချွန်ဆုများကို ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ပဲခူးတိုင်း ထန်းတပင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ ကျင်းပသော ထန်းတပင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ၂၀၀၇ အခမ်းအနားသို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ထန်းတပင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးကျော်ဌေးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပညာရည်ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဆူးတပ်ကျေးရွာ၌ ကျင်းပသော ၂၀၀၇ ခုနှစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို ကြိုဆိုသောအားဖြင့် စုပေါင်းအဆိုပြုလွှာ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အသင်းဝင်အဆိုပြုလွှာပေး

ထို့နောက် အသင်းဝင်အဆိုပြုလွှာများ စုပေါင်းပေးအပ်ကြသော ဆူးတပ်ကျေးရွာအုပ်စု၊ ဘိုကတော်ကျေးရွာအုပ်စု၊ ထန်းကုန်ကျေးရွာအုပ်စုများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူးများက စည်းရုံးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြပြီး ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာပေါင်း ၁၃ ရွာမှ အသင်းဝင် အဆင့်မီသူ ၄၀၉၈ ဦးတို့၏ အသင်းဝင် အဆိုပြုလွှာများကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံသည်။

ရေတာရှည်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် စက်တင်ဘာ ၁၅ ရက်က ပဲခူးတိုင်း ရေတာရှည်မြို့သို့ ရောက်ရှိပြီး ရေတာရှည်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး ၂၀၀၇သို့ တက်ရောက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ရေတာရှည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသိန်းမြင့်ထွန်းက တစ်နှစ်တာအတွင်း အသင်း၏ လှုပ်ရှားဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက စည်းရုံးရေးစွမ်းဆောင်ဆု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော ကျေးရွာများကို လည်းကောင်း၊ ပဉ္စမတန်းမှ တက္ကသိုလ်ဝင်တန်း အထိ နှစ်စဉ်ပထမရရှိသော ကျောင်းသူ မဝင်းဝင်းလင်းနိုင်အား လည်းကောင်း ဆုများချီးမြှင့်သည်။ ထို့နောက် ပဲခူးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစောမော်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးရေး စွမ်းဆောင်မှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသော ကျေးရွာများအားလည်းကောင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်မြင့်က အကောင်းဆုံးလှုပ်ရှားဆောင်ရွက်မှု ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆု ရရှိသော ကျေးရွာများကိုလည်းကောင်း ဆုများချီးမြှင့်သည်။ **(သတင်းစဉ်)**

အိန္ဒိယ နိုင်ငံ ဗာ ရာ ဏ သီမြို့ ဓမ္မစကြာတရားဦး ဟောတော်မူရာ ဣသိပတန မိဂဒါဝုန် မြေမြတ်မဟာရှိ မိဂဒါဝုန် မြန်မာကျောင်းတိုက်၏ နှစ်တစ်ရာပြည့် ပွဲတော်ကျင်းပနိုင်ရေးအတွက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပ သုဓမ္မာလမ်းမကြီးနေ ဦးလှမြင့်-ဒေါ်ကျင်မွေး (ရွှေအိမ်တော်မင်္ဂလာခန်းမ)မိသားစုက ပွဲတော်ဖြစ်မြောက်ရေးအတွက် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အကျိုးတော်ဆောင်ဆရာတော် ဦးဉာဏဗလ(M.A)က လက်ခံယူစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၁၉-၉-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၂၀ ၇။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅း၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၅ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၀ ၁၃။ လှုပ်လှုပ်ရှားရှား ပုံရိပ်များ
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၇)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒဏ်ရာများနှင့် နှလုံးသား** (အပိုင်း-၂)

ခရိုင်ချင်းဆက်လမ်းနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းစည်းဝေး
စည်ပင်ညွှန်ချုပ် ဦးမျိုးမြင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး မန္တလေးတိုင်းခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် အမှတ်(၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုးက မန္တလေးတိုင်း အတွင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့များမှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက်လမ်း အမှတ်(၁)နှင့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂) လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ မြေပုံကားချပ်များဖြင့် ရှင်းလင်း တင်ပြသည်။

အလေးထားဆောင်ရွက်

ဆက်လက်၍ မြို့နယ်အမှုဆောင် အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာများက မိမိတို့အပိုင်းအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများအရည်အသွေးကောင်းမွန်ရေး၊ အလေအလွင့်မရှိစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိသူများလိုက်ပါလျက် မလှိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော ခရိုင်ချင်းဆက် လမ်းအမှတ်(၁) ကုန်းတဲရွာအနီး ရှင်းလင်းဆောင်တွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက် လမ်းအမှတ်(၁)ကတ္တရာလမ်းခင်းမှု အခြေအနေ၊ လမ်းပခုံးကပ်ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်းများ တူးဖော်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ**(အပေါ်ပုံ)** ညွှန်ကြားရေးမှူးချုပ်က စက်ယန္တရားများ ကြံ့ခိုင်ရေး၊ စက်သုံးဆီ အလေအလွင့်နည်းပါးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေး တို့အား အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်းအမှတ်(၁) အတိုင်း မော်တော်ယာဉ်များဖြင့် မောင်းနှင်စစ်ဆေးရာ မိုင်တိုင်အမှတ် (၂၉/၇)သို့ ရောက်ရှိလာပြီး စက်ယန္တရားများဖြင့် လမ်းပခုံးကပ်ခြင်းနှင့် လမ်းဘေးရေနုတ်မြောင်း တူးဖော်နေမှုများအား ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မိုင်တိုင်အမှတ်(၃၈/၆) မြောက်လည်ကျေးရွာအနီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ဆောင်ရွက်သွားမည်

အဆိုပါ ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် မန္တလေးတိုင်း တံတားဦးမြို့နယ် စကားအင်းအဝိုင်းမှ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် အမှတ် (၃)လမ်းမကြီးအထိ မိုင် ၄၀၀၊ ၁ ဖာလုံရှည်လျားပြီး မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဖောက်လုပ်လျက်ရှိသော လမ်းအရှည် ၈၂ မိုင်၊ ၃ ဖာလုံ အနက် ၃၉ မိုင်၊ ၄ ဖာလုံအား ကတ္တရာခင်းပြီးဖြစ်၍ ကျန် ၄၂ မိုင်၊ ၇ ဖာလုံအား ၂၀၀၇-၂၀၀၈ခုဘဏ္ဍာရေးနှစ်အတွင်း ကတ္တရာလမ်းပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စင်ကာပူနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော်က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ ညနေ၃နာရီတွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မျက်မမြင်ကျောင်း၌ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဓဇောတိ အမှူးပြုသော ဆရာတော်ကိုးပါးနှင့် စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇင်ရီဖာဇော့တို့ ကြွရောက်တော်မူကြပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီးဒေါ်တင်တင်နွဲ့၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

သီလခံယူဆောက်တည်

အစီအစဉ်အရ ရှေးဦးစွာ အခမ်းအနားကို ဒေါ့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ကြပြီး ဝန်ကြီးနှင့်တက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြ၍ ဆရာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာကြားကြသည်။

ယင်းနောက် စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇင်ရီဖာဇော့က အလှူငွေများ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းမိန့်ကြားတော်မူပြီး မြန်မာနိုင်ငံ၌ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေကျပ် သိန်း၈၀၀ ကို ပေးအပ်လှူဒါန်းရာ ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ဆက်ကပ်ပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းရခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။

ထို့နောက် ရွှေဘုရားကျောင်းဆရာတော်က ကြွရောက်တော်မူလာကြသော ဆရာတော်များအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် ကြည့်မြင်တိုင် မျက်မမြင်ကျောင်းအတွက် အလှူငွေ ကျပ်သိန်း၂၀ ကို ကျောင်းအုပ် ဆရာမကြီး ဒေါ်ယုယုဆွေထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးနှင့် ဒေါ့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အနုမောဒနာတရား နာကြားကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပေးအပ်လှူဒါန်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေထံ စင်ကာပူသမ္မတနိုင်ငံ ဗုဒ္ဓဘာသာရွှေဘုရားကျောင်းဆရာတော်က ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၈၀၀ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လွယ်အိတ်ကြီးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၃)ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၁၈

လွယ်အိတ်ကြီးဂျာနယ် အတွဲ(၁)၊ အမှတ်(၂၃)တွင် မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံ လက်မှုအနုပညာ ကောင်းဆုံးလက်ရာ ဆုချီးမြှင့်ပွဲအတွက် စာနယ်ဇင်း တွေ့ဆုံရှင်းလင်း၊ ရန်ကုန် မြို့ပတ်ရထား လသုံးလက်မှတ် ဝယ်မှု သိသာစွာမြင့်တက်၊ အဆင့်မြင့် သရီးဂျီမိုဘိုင်းလ်ဖုန်း အလုံးရေ သုံးသောင်း ရန်ကုန်မြို့တွင် အသုံးပြုနိုင်တော့မည်၊ ၂၀၀၇ ရွှေခါးပတ် ချန်ပီယံပြိုင်ပွဲကြီးတွင် လက်ရှိချန်ပီယံလုံးချောက စိန်ခေါ်သူ စျာန်ထူးကို အမှတ်ဖြင့်အနိုင်ယူ စသည့် ပြည်တွင်းသတင်းများ၊ ဒုတိယအကြိမ် နေကြတ်မည်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုက်ခတ်ခဲ့သော ဆူနာမီ၊ (၆၄)ကြိမ်မြောက် ရုပ်ရှင်ပွဲတော်၊ ဗင်းနစ်မြို့တော်မှာကျင်းပမည့် ပြည်ပ သတင်းများ၊ မြတ်ကလောင်ပူဇော်သည့် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ တစ်ဘဝ သာသနာကျမ်းပြုဆရာတော် ဘဒ္ဒန္တ ဃောသိတ၏ ပဋိစ္စသမုပ္ပာဒ် အခြေခံအနှစ်ချုပ် တရားတော်၊ ချစ်ဦးညို၏ ရာဇဝင် ဇာတ်ကားရုပ်ရှင်၊ မောင်ဆုရှင်၏ ရယ်မောတတ်ဖို့လိုသည်၊ အီကြာကွေး၏ စျေးဆစ်နည်းလေး ပေးလိုက်မယ်၊ မောင်တည်ငြိမ်၏ မင်္ဂလာရှိသော စာမျက်နှာ၊ သုမောင်၏ သာခုသုမောင် စာပေတိုက်ပွဲ၊ ဆောင်းဝင်းလတ်၏ စာကျစာကျန် အကြောင်းကံ၊ ခင်ပန်နှင်း၏ သခင်တင်မြ၏ ဘုံဘဝမှာဖြင့် ထက်ကြပ်မကွာ၊ ကိုရွှေတောသား၏ ပန်းကောင်းပန်တဲ့သူ၊ အောင်ဘု၏ သူတို့ဘုံလည်း ဗိုင်းရပ်စ် ဝင်ပြီ၊ နေသွေးစံ(ပုတီးကုန်း)၏ တွေးကြည့် သွေးသိပါသည် စသည့် ဆောင်းပါးများ စာမူများဖြင့် ကဏ္ဍစုံလင် ဝေဝေဆာဆာ ထုတ်ဝေလိုက်သည်။ **(အပေါ်ယာပုံ)**

ဂျာနယ်သို့ သတင်းနှင့်ဆောင်းပါး၊ စာမူများ ပေးပို့လိုပါက တာဝန်ခံအယ်ဒီတာ အမှတ်(၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၅၄၁၉၆သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂) ဗိုလ်တထောင် ကျောင်းသူ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးနှင့် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၂၁ရက်ကကျင်းပရာ ကျောင်းသားဟောင်းတစ်ဦးဖြစ်သူဦးသန်းဦးက အလှူငွေကျပ် ၁၈သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဖျာပုံ၊ ဟင်္သာတနှင့်အင်္ဂပူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် စက်တင်ဘာ ၁၅ရက် နံနက်ပိုင်းတွင် ဖျာပုံမြို့နယ် သီရိအဏ္ဏဝါခန်းမ၌ကျင်းပသည့် ဖျာပုံခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဖျာပုံမြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် မူလတန်းကျောင်းများအတွက် ဗလာစာအုပ် ဒါဇင်၄၅၀နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အလှူရှင်များက ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ် ၂၄သိန်း ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဟင်္သာတမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေကြသော ဆရာတော် သံဃာတော်များအား သွားရောက်ဖူးမြော်ကြပြီး ဆေးဝါးကုသရန် အလှူငွေကျပ် ခြောက်သိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့နယ် ငွေးကုန်း အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက လိုအပ်သည်များကိုမှာကြားသည်။

ဖူးမြော်ကြည်ညို

ညပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် သံဃနာယက ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝရဓမ္မနှင့် ဗဟိုသံဃာ့ဝန်ဆောင် စံကျောင်းဆရာတော် အဂ္ဂမဟာကျော် ဘဒ္ဒန္တစက္ကိန္ဒတို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၆ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ မြို့မ(မြောက်) အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲသို့ တက်ရောက် အားပေးကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများက ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ် ကိုးသိန်းကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ ကျောင်းဆောင်သစ်သည် အလျား ပေ၁၀၀၊ အနံပေ၃၀ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးကြပ်၍ ငွေကျပ် ၁၀၆ သိန်း အကုန်အကျခံ တည်ဆောက်ထားခြင်းဖြစ်သည်။

တက်ရောက်အားပေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇)သို့ တက်ရောက်အားပေး အမှာစကားပြောကြားသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ခြင်ဆေးဖျန်းစက်ကို ပေးအပ်လှူဒါန်းပြီး မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းက ကြပ်ခေါင်း အခြေခံပညာမူလတန်းကျောင်း ဆောက်လုပ်ရန် အလှူငွေကျပ်သိန်း၁၀၀ ပေးအပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုတယ်လီဖုန်း စက်ခလုတ်ရုံ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်တာဝန်ရှိသူများသည် အင်္ဂပူမြို့ ကြပ်ခေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ကျောင်းဆောင်သစ်ကိုငွေကျပ်သိန်း၁၀၀ အကုန်အကျခံ တည်ဆောက်ရန် မြေနေရာ ရွေးချယ်ပေးသည်။

လှူဖွယ်ဆက်ကပ်

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အင်္ဂပူမြို့ ထူးကြီးကျေးရွာ ဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒာဝုဓအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် တာဝန်ရှိသူများသည် အလျားပေ၉၀၊ အနံပေ၃၀ရှိ ကျိတ္တော အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့ မြစက်စက်ယိုစေတီတော်မြတ်ကြီးသို့ရောက်ရှိပြီး ထီးတော်၊စိန်ဖူးတော်ပြုပြင်ရန် လိုအပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဘက်စုံပြုပြင်ရန် လိုအပ်နေမှုများကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၈

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၆ ရက်ကကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဘုန်းမြင့်(ပြည်ဘုန်းမြင့်)က အမှာစကားပြောကြားသည်။

ဆွေးနွေးအကြံပြု

ထို့နောက် စတုတ္ထအကြိမ်ညီလာခံ အတွေ့အကြုံများကို ဦးဘုန်းမြင့်(ပြည်-ဘုန်းမြင့်)ကရှင်းလင်းပြောကြားပြီး မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ အစီရင်ခံစာကို အတွင်းရေးမှူးဦးလှကြည်(မောင်လှကြည်)က ဖတ်ကြား အတည်ပြု၍ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူးဦးသန်းနိုင်(မြတ်သုစံ-ဝါးခယ်မ)က ဖတ်ကြားအတည်ပြုကာ တက်ရောက်လာကြသူများက ဆွေးနွေးအကြံပြုကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်တွေမြို့တွင် ဆန္ဒပြအကြမ်းဖက်မှုကြောင့် တာဝန်ရှိသူအချို့နှင့် ရဲတပ်ဖွဲ့ဝင်များဒဏ်ရာရရခဲ့ အဆိုပါဖြစ်စဉ်တွင် တာဝန်ရှိသူများသဘောထားကြီးစွာ အသာတကြည်ထိန်းသိမ်းမှုကြောင့် ဆန္ဒပြသံဃာတော်နှင့် လူပုဂ္ဂိုလ်များဒဏ်ရာရခြင်းမရှိ၊ ဖမ်းဆီးထိန်းသိမ်းခြင်းလည်းမရှိခဲ့

* *ကျောဖုံးမှ*

ထိုသို့ သွေးထိုးလှုံ့ဆော်မှုများနှင့် သံဃာထုအတွင်း အယောင်ဆောင် ဝင်ရောက်စည်းရုံးသွေးထိုးလုပ်ဆောင်မှုများကြောင့် ရခိုင်ပြည်နယ် စစ်တွေမြို့တွင် စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၁နာရီ ၁၅မိနစ်ခန့်မှစ၍ သံဃာအပါး ၅၀ ခန့်က လမ်းလျှောက်ဆန္ဒပြမှု ဖြစ်ပွားခဲ့သည်။ ထိုဆန္ဒပြ သံဃာအဖွဲ့သည် စစ်တွေမြို့ ဓမ္မစေတီကျောင်းနှင့် ရွှေစေတီကျောင်းအနီးမှ စတင်စီတန်းလမ်းလျှောက်ခဲ့ရာ မွန်းလွဲ ၂နာရီခန့် မင်းဘာကြီးလမ်းအရောက်တွင် သံဃာအပါး ၁၀၀ ခန့်ရှိလာခဲ့ပြီး လမ်းဘေးဝဲယာနှင့် နောက်မှလိုက်ပါကြည့်ရှုခဲ့သော လူထု ၅၀၀ ခန့် ရှိလာခဲ့သည်။

ထိုသို့ ဆန္ဒပြမှုများတွင် မလိုလားအပ်သည်များ မဖြစ်ပေါ်စေရန် ထိန်းသိမ်းဖျောင်းဖျနိုင်ရေးအတွက် စစ်တွေမြို့တွင် သီတင်းသုံး နေထိုင်တော်မူသော ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်ကြီးနှစ်ပါး၊ မြို့နယ် သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ဆန္ဒပြအုပ်စု၏နောက်မှ လိုက်ပါလာခဲ့ကြသည်။ ထိုလိုက်ပါလာသော တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဆရာတော်ကြီးများအား ဆန္ဒပြအုပ်စုက ကျောက်ခဲများ၊ တုတ်များဖြင့်ပစ်ပေါက်၍ ရန်ပြုခဲ့ကြသည်။ တာဝန်ရှိသူများက တစ်စုံတစ်ရာ တုံ့ပြန်ခြင်းမပြုဘဲ အသာတကြည် နောက်မှလိုက်ပါခဲ့ကြသည်။

လူစုခွဲကြရန်ဖျောင်းဖျပြောဆို

ဆန္ဒပြအုပ်စုသည် မင်းဘာကြီးလမ်းမှ ဆက်လက်စီတန်းလမ်းလျှောက်ခဲ့ကြရာ ညနေ ၃နာရီ ၁၀မိနစ်ခန့်တွင် ပြည်ထောင်စုလမ်းသို့ ရောက်ရှိခဲ့ကြသည်။ ပြည်ထောင်စုလမ်းတွင် တာဝန်ရှိပုဂ္ဂိုလ်များဖြစ်ကြသည့် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ရခိုင်ပြည်နယ် ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့ ဒုတိယကွပ်ကဲရေးမှူး၊ စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများက အသာတကြည်တားဆီး၍ လူစုခွဲကြရန် ဖျောင်းဖျပြောဆိုခဲ့ကြောင်းသိရသည်။

ထိုအခါ ဆန္ဒပြသူများအနက်မှ တုတ်၊ ဓားကိုင်ဆောင်ထားသည့် သံဃာခြောက်ပါးခန့် အပါအဝင် ဆန္ဒပြသူအချို့သည် အေးဆေးစွာ တားဆီးဖျောင်းဖျသူ တာဝန်ရှိသူများအား အတင်းဝင်ရောက်ရိုက်နှက်ခဲ့ကြသည်။ ထိုသို့ ရိုက်နှက်မှုများကြောင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးမှာ သုံးချက်အရိုက်ခံရပြီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ဌာနခွဲ စာရေးကြီး ဦးလှမောင်သာမှာမူ နဖူးတွင်ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထိုကဲ့သို့ အကြမ်းဖက်မှုကိုတားဆီးရန်အတွက် တာဝန်ရှိသူများက ကြိုးပမ်းထိန်းသိမ်းစဉ် အကြမ်းဖက်သူများထဲမှ တစ်ဦးကိုဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။ ဦးလှမောင်သာအား ဆေးရုံသို့ပို့၍ ကုသခဲ့ရာ ဒဏ်ရာမှာ ခုနစ်ချက်ချုပ်၍ ကုသခဲ့ရကြောင်း သိရသည်။

အကြမ်းဖက်အန္တရာယ်ပြုလာ

ထိုကဲ့သို့ ဆန္ဒပြသူများမှ အကြမ်းဖက်အန္တရာယ်ပြုလာသည့်အတွက် အခြေအနေကို ထိန်းသိမ်းနိုင်ရန် မျက်ရည်ယိုဗုံးပစ်၍လည်းကောင်း၊ သေနတ်ကိုမိုးပေါ်ထောင်ခြောက်လှန့်ပစ်ခတ်၍လည်းကောင်း လူစုခွဲခဲ့သဖြင့် ညနေ ၃နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့သည်။

သို့သော် ညနေ၄နာရီခွဲခန့်တွင် သံဃာ၅၀ခန့်မှာ မင်းဘာကြီးလမ်းအတိုင်း ထပ်မံစီတန်းလမ်းလျှောက်ဆန္ဒပြလာခဲ့ပြီး ဘေးဝဲယာနှင့် နောက်ဘက်မှလူ၁၀၀ခန့် ပါဝင်လာခဲ့သည်။ ၎င်းဆန္ဒပြအဖွဲ့သည် မေယုလမ်းပေါ်ရှိ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာပြီး ဖမ်းထားသူအား လွှတ်ပေးရန်ဟု အော်ဟစ်တောင်းဆိုကာ ၎င်းရုံးဝင်းတံခါးအား အတင်းတွန်းဖွင့်ခြင်း၊ အချို့ဆန္ဒပြသူများက အုတ်တံတိုင်းပေါ်ကျော်တက်၍ လေးခွနှင့်ပစ်ခြင်း၊ ခဲများဖြင့်ပစ်ပေါက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ တာဝန်ရှိသူများက ထိုသို့အကြမ်းဖက်ခြင်း မပြုရန် အော်ဟစ်ပြောဆိုဖျောင်းဖျတားဆီးခဲ့သော်လည်း ဆန္ဒပြသူများက နာခံခြင်းမရှိဘဲ လူအုပ်ဖြင့် ရုံးဝင်းအတွင်း ဝင်ရောက်အကြမ်းဖက်မည့် အခြေအနေသို့ ရောက်ရှိလာသည့်အတွက် ထပ်မံ၍ မျက်ရည်ယိုဗုံးပစ်ပြီး သေနတ်မိုးပေါ်ထောင်ဖောက်ကာ လူစုခွဲခဲ့ရပြန်သည်။

ထိခိုက်ဒဏ်ရာရရှိခြင်းမရှိ

ထိုသို့ လူစုခွဲမှုကြောင့် ညနေ ၄နာရီ မိနစ်၅၀ခန့်တွင် လူစုကွဲသွားခဲ့သည်။ ထိုဆန္ဒပြဖြစ်စဉ်တွင် ဆန္ဒပြသူများ၏ လေးခွ၊ ခဲ၊ တုတ်များဖြင့် ပစ်ပေါက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ကိုးဦး ထပ်မံဒဏ်ရာရရှိ ခဲ့သည်။ သို့သော် တာဝန်ရှိသူများက သဘောထားကြီးစွာ အသာတကြည် ထိန်းသိမ်းဆောင်ရွက်မှုများကြောင့် ဆန္ဒပြသံဃာတော်တစ်ပါးမျှ ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ သံဃာတော် တစ်ပါးကိုမျှ ဖမ်းဆီးထိန်းသိမ်းခြင်း မရှိကြောင်းနှင့် ဆန္ဒပြ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်မြို့တွင်လည်း သံဃာအပါး ၁၀၀ခန့်သည် စက်တင်ဘာ ၁၈ရက် မွန်းတည့် ၁၂နာရီအချိန်ခန့်မှစ၍ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းမှ ရွှေတိဂုံဘုရား၊ ၎င်းမှ ဆူးလေဘုရား၊ ၎င်းမှ ဗိုလ်တထောင်ဘုရားဘက်သို့ စီတန်းလမ်းလျှောက်ခဲ့ကြရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဝင်ဆရာတော်ကြီးများအပါအဝင် သံဃာဂိုဏ်းအသီးသီးမှ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယက ဆရာတော်ကြီးများက ထိန်းသိမ်းဆောင်ရွက်ခဲ့သဖြင့် မွန်းလွဲ ၂နာရီ ၅၅မိနစ်ခန့်တွင် လူစုကွဲသွားကြောင်း သိရှိရသည်။ အလားတူ အခြားသောမြို့အချို့တွင်လည်း သံဃာတော်အချို့ စီတန်းလမ်းလျှောက်မှုများရှိခဲ့ကြောင်း သတင်းများရရှိသည်။

ပြည်သူများက တည်ငြိမ်အေးချမ်းမှုပျက်ပြားမည်ကိုစိုးရိမ်

ထိုကဲ့သို့ ပြည်တွင်းပြည်ပအဖျက်အမှောင့်သမားများ၏ သွေးထိုးလှုံ့ဆော်လုပ်ဆောင်မှု၊ သံဃာထုအတွင်း အယောင်ဆောင်ဝင်ရောက် စည်းရုံးလုပ်ဆောင်မှုများကြောင့် သံဃာအချို့၏ လှုပ်ရှားမှုဖြစ်စဉ်များကို ကြားသိတွေ့မြင်ကြရသော ပြည်သူများအနေဖြင့် ထိုသို့ လှုပ်ရှားမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများဖြစ်ပွားကာ တည်ငြိမ်အေးချမ်းမှု ပျက်ပြားမည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်ဆောင်မှုများကို လိုလားခြင်းမရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားပါက အလုပ်အကိုင်များ ပျက်ပြားကာ စီးပွားရေး၊ စားဝတ်နေရေး၊ လူမှုရေးကိစ္စများ ထိခိုက်မည်ကို စိုးရိမ်လျက်ရှိကြကြောင်း၊ လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ဈေးဆိုင်ရှင်များ အနေဖြင့်လည်း အကြမ်းဖက်မှု၊ မတည်ငြိမ်မှုများမှတစ်ဆင့် ၎င်းတို့၏လုပ်ငန်းများ၊ ထိခိုက်ပျက်ပြားမည်ကို စိုးရိမ်လျက် ရှိကြကြောင်း၊ သို့ပါ၍ ဆရာတော်၊ သံဃာတော်များအနေဖြင့် အများပြည်သူတို့၏ အကျိုးကို မေတ္တာရှေ့ထားကာ သီတင်းသုံး ကျင့်ကြံနေထိုင်စေလိုကြောင်းနှင့် ဆရာတော်ကြီးများအနေဖြင့်လည်း ပြည်သူ၏ အကျိုးကို ရှေးရှုပြီး ဝိနည်းတော်နှင့်အညီ ဩဝါဒပေး မိန့်ကြား ထိန်းသိမ်းဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း သိရသည်။

ထေရ်ကြီး ဝါကြီး ဆရာတော်ကြီးများက ဝိနည်းတော်နှင့်အညီနေထိုင်ရေးလိုလား

ထို့အတူ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်အများစုတို့ကလည်း ယခုကဲ့သို့ လမ်းလျှောက်ဆန္ဒပြ ဆူပူအကြမ်းဖက်မှုများကို လိုလားမှုမရှိကြဘဲ ဝိနည်းတော်နှင့်အညီ ကျင့်ကြံအားထုတ် နေထိုင်ရေးကိုသာ လိုလားလျက်ရှိကြကြောင်းနှင့် မိမိတို့၏စာသင်တိုက်၊ ကျောင်းတိုက် အသီးသီးတွင်လည်း အလားတူဖြစ်စဉ်မျိုးများ မဖြစ်ပွားစေရန် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြကြောင်း သတင်းများ ရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက မိမိတို့ ဝန်ကြီးဌာနသည် ဝန်ဆောင်မှုပေးသော ဝန်ကြီးဌာနဖြစ်၍ ဝန်ဆောင်မှုကောင်းအောင် လုပ်ကိုင်ကြရေး၊ စိတ်ကောင်း စေတနာကောင်းထားရှိလုပ်ကိုင်ကြရေး၊ အရည်အသွေးပြည့်ဝသော နိုင်ငံ့ဝန်ထမ်းဖြစ်စေရေး၊ အသုံးစရိတ် ချွေတာရေး၊ ဌာနဝင်ငွေ တိုးတက်အောင် ဆောင်ရွက်ရေး တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲ ပန်းဆိုးတန်း/ဒလကူးတို့လမ်း ခရီးသည်နားနေဆောင်၌ ခရီးသည်များအား လက်မှတ်ရောင်းချနေမှု၊ ရေယာဉ်ပေါ်သို့ ခရီးသည်များလိုက်ပါစီးနင်းမှု၊ ရန်ကုန်မြစ်အတွင်း ရေယာဉ်များ ဖြတ်သန်းသွားလာခုတ်မောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သယ်ယူပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲရုံးသို့ ရောက်ရှိကြရာ အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်က ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဝန်ထမ်းနှင့် ရေယာဉ် အင်အားအခြေအနေ၊ ဘဏ္ဍာရေးဆိုင်ရာအခြေအနေ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အခြေအနေ၊ လုပ်ငန်းများဖြန့်ဝေဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးညွန့်အောင်က သယ်ယူပို့ဆောင်ရေးဌာန မြစ်ဝကျွန်းပေါ်ဌာနခွဲ၏ လုပ်ငန်းဆောင် ရွက်မှုအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်ဝန်ကြီးက ဝန်ဆောင်မှုကို အလေးထား ဆောင်ရွက်ရသော ဝန်ကြီးဌာနဖြစ်၍ ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရေး၊ စက်သုံးဆီနှင့် အသုံးစရိတ်များ အလေအလွင့် မရှိအောင် စနစ်တကျ ချွေတာသုံးစွဲကြရေး၊ ရေယာဉ်များ အချိန်မှန်ရေး၊ ခရီးသည်များ စိတ်ချမ်းမြေ့စွာဖြင့် ခရီးသွားလာနိုင်ရေး တို့ကို မှာကြားပြီး ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ ထွက်ခွာမည့်“ဗလကျော်သူ” ရေယာဉ်ကုန်များ တင်ဆောင်ထားမှုနှင့် ခရီးသည်များ လိုက်ပါစီးနင်းမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း မှာကြားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကကြီးမှူး၍ မူးယစ်ဆေးဝါးအန္တရာယ်နှင့် အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ် ကူးစက်ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ၈ရက်က တာမွေကြီး(က-ဂ) ရပ်ကွက်တွင် ပြုလုပ်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းကအဖွင့်အမှာစကား ပြောကြားစဉ်။ (၁၁၅)

မှတ်သားဖွယ်ရာ မိုးရေချိန်

၁၈-၉-၂၀၀၇

ထားဝယ်	၃ ဒသမ ၇၈	လက်မ
ကိုကိုးကျွန်း	၃ ဒသမ ၀၇	လက်မ
ကော့သောင်း	၂ ဒသမ ၃၆	လက်မ
အောင်လံ	၁ ဒသမ ၆၂	လက်မ
တပ်ကုန်း	၁ ဒသမ ၃၄	လက်မ
မန္တလေး	၀ ဒသမ ၇၁	လက်မ

NLD ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ အရာတော်မြို့နယ်မှပါတီဝင်ခုနစ်ဦးနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၈

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပဲဝက်ကျေးရွာနေ ဦးတင်အောင်၊ ဦးဆယ်ငွေ၊ ဒေါ်သီတာ၊ ဒေါ်ခင်မာစိန်၊ ဒေါ်သန်းရွှေ၊ ဦးကြည်အောင်နှင့် ဒေါ်တင်ချော့တို့သည် စက်တင်ဘာ ၅ရက်က ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဆန္ဒအလျောက်နုတ်ထွက်

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင် အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကိုစိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❖ *ယူဂန္ဓာဒါနိုင်ငံ ကမ်ပါလာမြို့အနီး စက်တင်ဘာ ၁၈ရက်က မိုးကြိုးပစ်ချခံရမှုကြောင့် လူခုနစ်ဦးသေဆုံးပြီး ၁၇ဦး ဒဏ်ရာရရှိသွားကြောင်း ယူဂန္ဓာဒါမီဒီယာများက ဖော်ပြသည်။*

❖ **အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံက လာမည့် ၂၀၀၈ခုနှစ်၌ ဒူးဘိုင်းဆက်-၁ ဂြိုဟ်တုတစ်လုံးကို အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း ယူအေအီးမီဒီယာများက စက်တင်ဘာ ၁၇ရက်၌ ဖော်ပြသည်။**

❖ *ဆလိုဗက်ကီးယားနိုင်ငံအလယ်ပိုင်း အီလာဗာမြို့တွင် စက်တင်ဘာ ၁၇ ရက်က ဆောက်လုပ်ရေးလုပ်ငန်းခွင်တစ်ခု၌ လျှပ်စစ်ဓာတ်ကြိုးနှင့်ထိခိုက်မိသဖြင့် အလုပ်သမားလေးဦးသေဆုံးသွားကြောင်း ဆလိုဗက်ကီးယားမီဒီယာများက ဖော်ပြသည်။*

❖ **လူစွန့်စားစတီဖောဆက် စက်တင်ဘာ ၃ ရက်မှပျောက်ဆုံးမှုနှင့်ပတ်သက်၍ ရှာဖွေမှုများပြုလုပ်နေခြင်းကို အဆင့်လျှော့ချလိုက်ပြီဖြစ်ကြောင်း၊ ရှာဖွေမှုနယ်မြေဧရိယာ၉၀ရာခိုင်နှုန်းအားရှာဖွေပြီးသော်လည်း မည်သို့မျှ ထူးခြားမှုမရှိခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်လေတပ်အရာရှိများက စက်တင်ဘာ ၁၈ရက်၌ ပြောကြားသည်။**

❖ *တရုတ်နိုင်ငံတစ်ဝန်းတွင် ယခုနှစ်၌ စက်တင်ဘာ ၁၈ ရက်အထိ မိုးကြိုးပစ်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၆၅၉ဦးရှိကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်သည်။*

❖ **ကျူးဘားနိုင်ငံ ဟာဗားနားမြို့အရှေ့ဘက်ရှိ ကာယာဂျာနာမြစ်အနီးတွင် စက်တင်ဘာ၁၈ရက်က ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုကိုရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းသည် လွန်ခဲ့သော နှစ်ပေါင်းသန်း၂၀ခန့်က ငါးတစ်ကောင်၏ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။**

❖ *မက္ကဆီကိုနိုင်ငံ အနောက်ပိုင်း ကွန်ပိုစတီလာမြို့အနီး ဘတ်စ်ကားတစ်စီး တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၇ဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။*

❖ **တရုတ်နိုင်ငံအရှေ့ပိုင်း ကျီကျင်းပြည်နယ်နှင့် ရှန်ဟိုင်း စီးပွားရေးဇုန်ဒေသများသို့ စက်တင်ဘာ ၁၈ရက် နံနက်ပိုင်းက အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ရာ ဒေသခံပြည်သူနှစ်သိန်းခန့် လေဘေးဒုက္ခ တွေ့ကြုံခဲ့ရကြောင်း၊ အဆောက်အအုံများ ပျက်စီးပြီး ပင်လယ်ပြင်မှ သင်္ဘောများနှင့် ငါးဖမ်းစက်လှေများကိုလည်း ဆိပ်ကမ်းသို့ အမြန်ပြန်လာကြရန် သတိပေးချက်များ ထုတ်ပြန်ခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)

(အင်တာနက်)

အီရတ်အား ကျူးကျော်မှုအဆုံးသတ်ရန် ဝါရှင်တန်၌ ပြည်သူတစ်သိန်းခန့် ဆန္ဒပြ

ဆန္ဒပြသူ ၂၀၀ ခန့်ဖမ်းဆီးခံရ

ဝါရှင်တန် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံအား ကျူးကျော်ထားမှုအဆုံးသတ်ရေးအတွက် အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် စက်တင်ဘာ၁၇ရက်က လူတစ်သိန်းခန့်ချီတက် ဆန္ဒပြကန့်ကွက်ခဲ့ကြသည်။

အီရတ်စစ်ပြန်များ၊ အမေရိကန်တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များနှင့် ပြည်သူထောင်ပေါင်းများစွာပါဝင်သော ဆန္ဒပြသူများသည် ဝါရှင်တန်မြို့ရှိ အိမ်ဖြူမှ အမေရိကန်ကွန်ဂရက်လွှတ်တော်အဆောက်အအုံသို့ စုဝေးချီတက်ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

အဓမ္မရိုက်နှက်တားဆီး

ထိုသို့ အီရတ်နိုင်ငံအား ကျူးကျော်ထားမှုအဆုံးသတ်ရေးတောင်းဆိုဆန္ဒပြသူများသည် လမ်းမကြီးတစ်လျှောက် ထူထပ်သိပ်သည်းစွာ ဆန္ဒပြခဲ့ရာ အဆိုပါဆန္ဒပြသူများအား ရဲတပ်ဖွဲ့ဝင်များက အဓမ္မရိုက်နှက်တားဆီးဟန့်တားပြီး ဖမ်းဆီးခဲ့သဖြင့် ဆန္ဒပြသူ ၂၀၀ခန့် အဖမ်းခံခဲ့ရကြောင်း သိရသည်။

အမေရိကန်နိုင်ငံတွင် ယခုကဲ့သို့ ဆန္ဒပြမှုသည် နှစ်အနည်းငယ်အတွင်း အကြီးမားဆုံးဖြစ်ပြီး ရဲတပ်ဖွဲ့ဝင်များ၏ ကြမ်းတမ်းစွာ အဓမ္မရိုက်နှက် ဖမ်းဆီးခံရသူအများဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲကို ဆန့်ကျင်ဆန္ဒပြသူတစ်ဦးအား ရဲတပ်ဖွဲ့ဝင်များက အဓမ္မဟန့်တားဖမ်းဆီးနေစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရန်မှ တူရကီသို့ ဓာတ်ငွေ့ပို့လွှတ်မှုပြန်လည်စတင်

အန်ကာရာ စက်တင်ဘာ ၁၈

ပြီးခဲ့သည့် သီတင်းပတ်က တူရကီနိုင်ငံအတွင်းတွင် ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုကြောင့် ခေတ္တရပ်ဆိုင်းထား ခဲ့သော ဓာတ်ငွေ့ပို့လွှတ်မှုကို စက်တင်ဘာ ၁၃ရက်က အီရန်နိုင်ငံမှ ပြန်လည်ပို့လွှတ်လိုက်ပြီဖြစ်ကြောင်း အနာတိုလီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

စတင်ပို့လွှတ်

တူရကီနိုင်ငံအတွင်း ပျက်စီးသွားသော ဓာတ်ငွေ့ ပိုက်လိုင်းများကို ပြန်လည်ပြုပြင်ပြီးသည့် စက်တင်ဘာ ၁၃ ရက် နံနက်စောစောပိုင်းက အီရန်မှ သဘာဝဓာတ်ငွေ့များကို စတင်ပို့လွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း တူရကီစွမ်းအင်နှင့် သဘာဝအရင်းအမြစ် ဝန်ကြီးဌာန၏ ပြောကြားချက်ကို အဆိုပါသတင်းဌာနက ကိုးကားဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဗြိတိန်နိုင်ငံသို့ နှစ်(၄၀)ပြည့် ခရီးစဉ်အထိမ်းအမှတ်အဖြစ်ရောက်ရှိလာသည့် ကွင်းအဲလိဇဘက်–၂ အမည်ရှိ ပထမတန်းစား ခရီးသည်တင် သင်္ဘောကြီးကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။

[အဆိုပါ သင်္ဘောကြီးကို ၁၉၆၇ခုနှစ်က ဒူဘိုင်း ကုမ္ပဏီမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ဖြင့် ဝယ်ယူခဲ့ပြီး ယခုအခါ နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် ဗြိတိန် နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်းသိရသည်။]
(ဓာတ်ပုံ–အင်တာနက်)

အိုင်အေအီးအေနှင့် အိန္ဒိယတို့ နျူကလီးယားအရေး ဆွေးနွေးမည်

နယူးဒေလီ စက်တင်ဘာ ၁၈

အိန္ဒိယနိုင်ငံသည် နျူကလီးယားလုံခြုံမှုကိစ္စရပ်နှင့်ပတ်သက်၍ လာမည့်အောက်တိုဘာလတွင် ကုလသမဂ္ဂ နျူကလီးယား စောင့်ကြည့်ရေးအဖွဲ့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများက စက်တင်ဘာ၁၅ ရက်၌ ဖော်ပြသည်။

လာမည့် အောက်တိုဘာလလယ်ခန့်၌ အိုင်အေအီးအေနှင့် မိမိတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အိန္ဒိယ အရာရှိများက ပြောကြားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် စွမ်းအင်လိုအပ်ချက်များလာမှုကို ဖြေရှင်းရေးအတွက် နျူကလီးယားစွမ်းအင်ကို ရယူသုံးစွဲသွားရန် ကြိုးစားလျက်ရှိသည်။ **(အင်တာနက်)**

(၁၀)ကြိမ်မြောက် အာရှကာတွန်းပွဲတော် ကမ္ဘောဒီးယား၌ ဖွင့်လှစ်

ဖနောင်ပင် စက်တင်ဘာ ၁၈

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်၍ (၁၀) ကြိမ်မြောက် အာရှကာတွန်းပွဲတော်ကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ စက်တင်ဘာ ၁၇ရက်က ဖွင့်လှစ်ခဲ့ကြောင်း ကမ္ဘောဒီးယား–ဂျပန် ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(စီဂျေစီစီ)မှ သတင်းထုတ်ပြန်သည်။

အဆိုပါ ကာတွန်းပွဲတော်ကို ဖနောင်ပင်မြို့ရှိ ကမ္ဘောဒီးယား–ဂျပန် ပူးပေါင်းဆောင်ရွက်ရေးစင်တာတွင် ကျင်းပခဲ့ပြီး စက်တင်ဘာ ၁၇ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ပြသမည်ဖြစ်သည်။

ပြသထား

ကာတွန်းပြပွဲတွင် အာရှနိုင်ငံများဖြစ်သော တရုတ်၊ ကမ္ဘောဒီးယား၊ ဂျပန်၊ အိန္ဒိယ၊တောင်ကိုရီးယား၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများမှ ကာတွန်းပညာရှင်များ၏ ကာတွန်းလက်ရာ ၇၇ခုကို ပြသထားသည်။

ထုတ်ပြန်

ပြပွဲတွင် ပြသထားသည့် ကာတွန်းပြကွက် တစ်ခုစီတွင် နိုင်ငံတစ်ခုစီ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကာတွန်းပညာရှင်များက ရှုထောင့်မျိုးစုံမှ တင်ဆက်ပြသထားခြင်းဖြစ်ကြောင်း စီဂျေစီစီ၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

ဆရာဝန်များဝတ်ဆင်သည့် ဝတ်ရုံဖြူအင်္ကျီ ဗြိတိန်၌ ရှေ့နှစ်မှစ၍ ဝတ်ခွင့်မပြုတော့

လန်ဒန် စက်တင်ဘာ ၁၈

ဆေးရုံမှ ရောဂါကူးစက်မှုများကို ကိုင်တွယ်မည့်ဗြိတိန်အစိုးရ၏ အစီအမံများတွင် ဆရာဝန်များ သမားရိုးကျ ဝတ်ဆင်ကြသည့် ဝတ်ရုံဖြူ အင်္ကျီ ဝတ်ဆင်မှုကို ပြုပြင်ရေးလည်း ပါဝင်သည်။

လာမည့် ရှေ့နှစ်တွင် ဆရာဝန်များ၏ဝတ်ဆင်မှု ပုံစံသစ်တွင် လက်တိုအင်္ကျီများကိုပြောင်းလဲ ဝတ်ကြရမည်ဖြစ်သည်။

ပြဋ္ဌာန်းမည်

အင်္ကျီလက်ရှည်၊ လက်ဝတ်ရတနာနှင့်နာရီများကို ဆရာဝန်တို့ ဝတ်ဆင်ခွင့်မပြုတော့ကြောင်း၊အင်္ကျီလယ်ဒေါက်များအတွင်း ညစ်ညမ်းမှုနှင့်အတူ ပိုးမွှားများ ရှိနိုင်မှုကြောင့် လူနာများအတွက် အန္တရာယ်ရှိနိုင်ကြောင်း၊ ထို့ကြောင့် အကာအကွယ် ပုံစံမျိုးတို့ကို ဝတ်ဆင်ရန် ပြဋ္ဌာန်းမည်ဟု ကျန်းမာရေးဌာနက ကြေညာသည်။ သန့်ရှင်းမှု အပါအဝင် လူနာများ အန္တရာယ်ကင်းရေးကို ဦးစားပေးဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီး အလန်ဂျွန်ဆန်က ပြောကြားသည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကာဘူကီ ပြဇာတ်ရုံသို့ ပြဇာတ်ကြည့်ရန် ရောက်ရှိလာသည့် ဂျပန်ရိုးရာ ကီမိုနိုဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးများအားစက်တင်ဘာ ၁၆ရက်ကတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယား၌ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ် ခြောက်ဦးသေဆုံး၊ လေးဦးပျောက်ဆုံးနေ

ဆိုးလ် စက်တင်ဘာ ၁၈

တောင်ကိုရီးယားနိုင်ငံ တောင်ဘက်ကမ်းရိုးတန်းဒေသများသို့ စက်တင်ဘာ၁၆ရက်က တိုင်ဖွန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ခြောက်ဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း တောင်ကိုရီးယားအစိုးရ အရေးပေါ် အခြေအနေများဆိုင်ရာ အေဂျင်စီမှ သတင်းထုတ်ပြန်သည်။

နေအိမ်ပြိုလဲ

နာရီဟု အမည်ပေးထားသော အဆိုပါတိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် တောင်ကိုရီးယားနိုင်ငံ အပန်းဖြေကျွန်းဖြစ်သည့် ချီကျူး၌ လူငါးဦးသေဆုံးပြီး လေးဦးပျောက်ဆုံးလျက်ရှိကြောင်း အဆိုပါဌာနမှ ပြောကြားသည်။ ထိုမုန်တိုင်းတိုက်ခတ်မှုကြောင့် ဆိုးလ်မြို့ အနောက်တောင်ဘက် ကျန်ကွမ်းမြို့၌ နေအိမ်ပြိုလဲပိကျခဲ့သဖြင့် အမျိုးသမီးတစ်ဦးသေဆုံးသွားကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

အီရတ်မြောက်ပိုင်း ဗုံးခွဲမှု ခြောက်ဦးသေဆုံး ၁၁ဦးဒဏ်ရာရရှိ

တီကရစ် စက်တင်ဘာ ၁၈

ဘဂ္ဂဒက်မြို့တော် မြောက်ဘက် ဆာလာဟူဒင်ပြည်နယ် တော့ခါမာတိုမြို့တွင် စက်တင်ဘာ ၁၆ ရက်က မော်တော်ဆိုင်ကယ်ဗုံးပေါက်ကွဲသဖြင့် အနည်းဆုံးလူခြောက်ဦးသေဆုံးပြီး ၁၁ဦးကျော်ဒဏ်ရာရရှိသွားကြောင်း ပြည်နယ်ရဲတပ်ဖွဲ့ သတင်းရပ်ကွက်က ပြောကြားသည်။

ပျက်စီးသွား

ပြည်နယ်မြို့တော် တီကရစ် အရှေ့ဘက် ကီလိုမီတာ ၉၀ခန့်အကွာ တော့ခါမာတိုမြို့တွင်း လက်ဖက်ရည်ဆိုင်အပြင်ဘက်တွင် ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် မော်တော်ဆိုင်ကယ်တစ်စီးကို လူတစ်ဦးကပစ်ထားခဲ့ပြီး ဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါဆိုင်နှင့်အနီးရှိ ဆိုင်များမှ မော်တော်ယာဉ်များ ပျက်စီးသွားသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အနောက်အုပ်စုနိုင်ငံများ၏ မဟာဗျူဟာအမှားများကြောင့် အီရတ်နှင့်အာဖဂန်တို့၌ ရှုံးနိမ့်မှုများကြုံတွေ့ရ

အော့တာဝါ စက်တင်ဘာ ၁၈

အနောက်အုပ်စုနိုင်ငံများသည် အီရတ်နှင့်အာဖဂန်နစ္စတန်စစ်ပွဲများ၌ ရှုံးနိမ့်မှုများနှင့်ကြုံတွေ့နေရကြောင်း၊ ထိုသို့ရှုံးနိမ့်မှုများနှင့် ကြုံတွေ့ရင်ဆိုင်ရခြင်းမှာ အကြမ်းဖက်မှုများ၏ လမ်းကြောင်းအမှန်ကို သေသေချာချာနားလည်သိရှိမှု မရှိခြင်းကြောင့်ဖြစ်ကြောင်း အမေရိကန်ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)၏ ဆန်းစစ်ဝေဖန်သူ အရာရှိဟောင်းတစ်ဦးဖြစ်သူ မိုက်ကယ်စချူဆာက စက်တင်ဘာ၁၆ ရက်၌ ပြောကြားလိုက်သည်။

ဖမ်းဆီး

ထိုသို့ အကြမ်းဖက်မှု လမ်းကြောင်းအမှန် သေချာစွာ မသိနားမလည်ခြင်းကြောင့် မှားယွင်းသော မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအချိန်အထိ အိုစမာဘင်လာဒင်နှင့် ၎င်း၏နောက်လိုက်များကိုလည်း ဖမ်းဆီးမိခြင်းမပြုနိုင်သေးကြောင်း မိုက်ကယ်စချူဆာက ထပ်မံပြောကြားသည်။

ထို့အပြင် အနောက်အုပ်စုနိုင်ငံများ၏ အရှေ့အလယ်ပိုင်းမူဝါဒမှာလည်း လွဲချော်နေကြောင်း၊ အရှေ့အလယ်ပိုင်းဒေသတွင် နိုင်လိုမင်းထက် ပြုမူနိုင်ရန်အတွက် အစ္စရေးနိုင်ငံအား ထောက်ပံ့မြှောက်ပင့်ပေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

အီရတ်၌ သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ပေါင်း ၃၇၈၀ ရှိပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၁၈

အီရတ်နိုင်ငံ၌ လမ်းဘေးဗုံးခွဲ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က စက်တင်ဘာ ၁၆ရက်၌ ကြေညာသည်။

ဖော်ပြ

အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များ ခြေကျင်ကင်းလှည့်စဉ် စက်တင်ဘာ ၁၄ရက်က ယင်းသို့ လမ်းဘေးဗုံးခွဲ တိုက်ခိုက်ခံရခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြသော်လည်း မည်သည့်နေရာတွင် ဖြစ်ပွားသည်ကို အတိအကျဖော်ပြခြင်း မရှိဟု ဆင်ဟွာက ဖော်ပြသည်။

၂၀၀၃ခုနှစ်တွင် အီရတ်စစ်ပွဲ စတင်ဖြစ်ပွားပြီးနောက် အီရတ်၌ သေဆုံးသည့် အမေရိကန် တပ်ဖွဲ့ဝင်ပေါင်း ၃၇၈၀ရှိသွားပြီဟုလည်း ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘိုးရင်း ၇၈၇-၈ လေယာဉ်ပုံစံငယ်

အာရှခရီးစဉ် ပျံသန်းမည့် ဘိုးရင်း ၇၈၇-၈ လေယာဉ်ပုံစံငယ်အား ဟောင်ကောင်လေကြောင်းဆိုင်ရာ ပြပွဲ၌ ပြသထားသည်ကို စက်တင်ဘာ ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆေးခြောက် ၁ ဒသမ ၃တန် တူရကီတွင် ဖမ်းမိ

အန်ကာရာ စက်တင်ဘာ ၁၈

တူရကီနိုင်ငံ အရှေ့ပိုင်း ဗန်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုပြုလုပ်ခဲ့ရာ ဆေးခြောက် ၁ ဒသမ ၃တန် ဖမ်းဆီးရမိခဲ့ကြောင်း အနာတိုလီယာသတင်းဌာနက စက်တင်ဘာ ၁၅ရက်၌ သတင်းထုတ်ပြန်သည်။

စက်တင်ဘာ ၁၄ရက် နှောင်းပိုင်း၌ လုံခြုံရေး တပ်ဖွဲ့ဝင်များက ဗန်မြို့ဝန်းကျင်ရှိ အာကိုနာဂီနှင့် ယူကာရီကူမီ ကျေးရွာများမှ အိမ်အချို့ကို ဝင်ရောက်စီးနင်းရှာဖွေရာမှ ဆေးခြောက်အမြောက်အမြား ဖမ်းဆီးမိခဲ့ခြင်းဖြစ်ကြောင်း ယင်းသတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးရမိသူ ခြောက်ဦးမှာ မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုဖြင့် အလိုရှိနေသူများ ဖြစ်သည်ဟု ဆိုသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဘင်္ဂလားဒေ့ရှ် ရေဘေးအတွက် ဒေါ်လာ ၁၀သန်း အိန္ဒိယ လှူဒါန်း

ဒါကာ စက်တင်ဘာ ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေလွှမ်းမှုကြောင့် စက်တင်ဘာ ၁၆ရက်အထိ သေဆုံးသူ ဦးရေမှာ ၉၁၆ ဦးရှိပြီဖြစ်ရာ အဆိုပါ ရေဘေးဒုက္ခကြုံတွေ့နေရသူများအတွက် အိန္ဒိယနိုင်ငံက အမေရိကန်ဒေါ်လာ ၁၀သန်းကို ထောက်ပံ့လိုက်ကြောင်း အိန္ဒိယမီဒီယာများက စက်တင်ဘာ ၁၆ရက်၌ ဖော်ပြသည်။

လှူဒါန်း

ဘင်္ဂလားဒေ့ရှ် ရေဘေးဒုက္ခသည်များအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် မိမိတို့ ယခုကဲ့သို့ ငွေကြေးများ လှူဒါန်းခြင်းဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

လွှဲပြောင်းပေးအပ်

အဆိုပါငွေကြေးများကို အိန္ဒိယနိုင်ငံ၏ ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ မဟာမင်းကြီး ပီနတ်ရာရင်ချာရာဘောတီက ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဒေါက်တာအက်ဖ်တီကာအာမက်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံက ယခု စက်တင်ဘာလလယ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဂျုံတန်ချိန် ၁၀၀၀၀နှင့် ဆန်တန်ချိန် ၄၀၀၀၀ တင်ပို့ပေးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စုပေါင်းလက်ထပ်ပွဲ ဆင်နွှဲကြသူများ

စုပေါင်းလက်ထပ်ပွဲ ဆင်နွှဲနေကြသူများအား တွေ့ရစဉ်။ (ဝဲပုံ)

အီကွေဒေါနိုင်ငံ ကွီတိုမြို့တွင် ရဲအရာရှိ ၅၀ တို့က စုပေါင်းကာ တစ်ချိန်တည်း၌ စုပေါင်းလက်ထပ်ပွဲကျင်းပကြကြောင်း၊ ကမ္ဘာပေါ်၌ ရဲအရာရှိများ စုပေါင်းလက်ထပ်ပွဲ၌ အရေအတွက် အများဆုံးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မော်တော်ကားကို နှာခေါင်းဖြင့်ဆွဲပြသူ

မော်တော်ကား တစ်စီးကို နှာခေါင်းတွင် ကြိုးဖြင့်ချည်ပြီး ဆွဲပြနေသူ တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံတောင်ပိုင်း ဟေနန်ပြည်နယ် ဟေကျို့မြို့တွင် ဝမ်ချွမ်တိုင် အမည်ရှိ တရုတ်အမျိုးသား တစ်ဦးက လူလေးဦး ပါရှိသော မော်တော်ယာဉ်တစ်စီးကို နှာခေါင်း၌ ကြိုးဖြင့် ချိတ်ပြီးဆွဲကာ စွမ်းရည်ပြခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ခဲ့

ကွမ်ကျိုး စက်တင်ဘာ ၁၈

တရုတ်နိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများတွင် ယခုနှစ်စက်တင်ဘာလအတွင်း အလုပ်သမား သန်း၁၅၀အထိ ခန့်ထားပေးနိုင်ခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူကာလကထက် အလုပ်အကိုင် ဖန်တီးပေးနိုင်မှု ၉ဒသမ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်အရာရှိများက စက်တင်ဘာ ၁၆ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍများ တိုးတက်လာမှုသည် အလုပ်သမားအတွက်ပိုမိုအခွင့်အလမ်းရရှိစေကြောင်းတရုတ်နိုင်ငံ၏စက်မှုနှင့် ကုန်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဧောင်ယူပင်းက ပြောကြားသည်။

ဝင်ရောက်လုပ်ကိုင်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုန်ပြည်နယ် ကွမ်ကျိုးမြို့၌ ကျင်းပသည့် တရုတ်နှင့်ဂျပန်နိုင်ငံတို့မှ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖိုရမ်၌ ၎င်းကပြောကြားသည်။ တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်ကလည်း ဘွဲ့ရပညာတတ်လူငယ် ထက်ဝက်ခန့်မှာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသို့ ဝင်ရောက်လုပ်ကိုင်ခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ်ကျင်းပ

ကိုယ်ဝန်ဆောင်မိခင်များ သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါက်တာ ဒေါ်တင်လင်းမြင့်နှင့် ဒေါ်အေးအေး၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းနှင့် ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်က အဖွင့်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှု အထိမ်းအမှတ် အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန်အနောက်ပိုင်းခရိုင်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်ကလည်းကောင်း၊ ဒုတိယဆုရ ရန်ကုန်မြောက်ပိုင်းခရိုင်အား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက လည်းကောင်း၊ တတိယဆုရ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် အထူးဆုရ ရန်ကုန်တောင်ပိုင်းခရိုင်တို့အား ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေးဌာနမှ ဌာနမှူး Prof. Osamu Kunii တို့က ဆုများ အသီးသီးချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိုင်အိုဒင်းဆားပေးအပ်

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များအား ဖိုက်ဖရွှန်သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများကို ပေးအပ်ကြသည်။

ယနေ့နံနက် ၇ နာရီခွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၌ နို့တိုက်မိခင် အာဟာရအချက်အပြုတ်ပြိုင်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌများနှင့် ဧည့်သည်တော်များသည် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ ယှဉ်ပြိုင်ချက်ပြုတ်နေမှုများကိုလှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ် အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆုရ ရန်ကုန် အနောက်ပိုင်းခရိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ဗိုလ်လုပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းအသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ ဗိုလ်စွဲသွားသည်။ ပြိုင်ပွဲအပြီးတွင် ဗိုလ်လုပွဲစဉ်၌ အကောင်းဆုံး ဘောလုံးသမားဆုရ ရန်ကုန်တိုင်းအသင်းမှ မျိုးဇော်ဟိန်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင်က ငွေသားဆုချီးမြှင့်သည်။

ဆက်လက်၍ တာဝန်ရှိသူများက တတိယဆုရရှိသော တနင်္သာရီတိုင်းအသင်းသို့ တစ်ဦးချင်းဆုများနှင့် ငွေသားဆု ကျပ်သုံးသိန်းနှင့် ဒုတိယဆုရရှိသော ကရင်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုကျပ်ခြောက်သိန်း ပေးအပ်ချီးမြှင့်ကြသည်။

အကောင်းဆုံးဆု

ထို့နောက် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုရ ရန်ကုန်တိုင်းအသင်းမှ ကိုကိုနိုင်၊ အကောင်းဆုံး နောက်တန်းကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ စိုးမျိုးထွန်း၊ အကောင်းဆုံး အလယ်တန်းကစားသမားဆုရ တနင်္သာရီတိုင်းအသင်းမှ ဇော်မျိုး၊ အကောင်းဆုံး ရှေ့တန်းကစားသမားဆုရ ကယားပြည်နယ်အသင်းမှ ဂျွန်ပေါ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားဆုရ ကရင်ပြည်နယ်အသင်းမှ စိုးမျိုးထွန်းတို့အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်က ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၂၀၀၀၀ စီကို ချီးမြှင့်သည်။

ယင်းနောက် ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသော ကရင်ပြည်နယ်အသင်းအား အသန့်ရှင်းဆုံးဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်းကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်အုန်းက ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရရှိ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ကျပ် ၁၀ သိန်းကို ပေးအပ်ချီးမြှင့်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက အနိုင်ရရှိ ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းအား ဆုဖလားကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၁၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်၏ (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့၌ ကျင်းပမည်။

စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တွင် ပြေးခုန်ပစ်ပြိုင်ပွဲကို အောင်ဆန်းကွင်း၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ရေကူးပြိုင်ပွဲကို အမျိုးသားရေကူးကန်နှင့် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဦးဝိစာရလမ်း စားပွဲတင်တင်းနစ်အဖွဲ့ချုပ်၌ လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဘော်လီဘောပြိုင်ပွဲကို အောင်ဆန်းကွင်း အားကစားရုံ၌လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျုံးကြီးလမ်း ကြက်တောင်အားကစားရုံနှင့် စက်တင်ဘာ ၂၈ ရက်တွင် ဂေါက်သီးရိုက်ပြိုင်ပွဲကို မင်္ဂလာဒုံဂေါက်ကွင်း၌လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်းပို့ရမည်

အသင်းခေါင်းဆောင်များ အစည်းအဝေးကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် အောင်ဆန်း အားကစားပြိုင်ဝင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ရုံးခန်း၌ ကျင်းပမည်ဖြစ်၍ ယင်းရက်မတိုင်မီ ပြိုင်ပွဲဝင်စာရင်းများနှင့်အတူ သတင်းပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၁၈-၉-၂၀၀၇

ကိုထွေး - စုစည်းတင်ဆက်သည်

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲများ ယှဉ်ပြိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ အဆင့်မြင့်တန်း၊ ပထမတန်း၊ ဒုတိယတန်းနှင့် တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲများကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ စတင်ယှဉ်ပြိုင်ကစားကြသည်။

အဆင့်မြင့်တန်း

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် အောင်ဆန်းအားကစား ပြိုင်ကွင်း၌ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် ပထမတန်းမှတက်လာသော တပ်မတော်(ကြည်း)အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဘဏ္ဍာ/အခွန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပထမတန်း

ပထမတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ အမှတ်(၂) လျှပ်စစ်စွမ်းအားအသင်းနှင့် Sara အသင်းတို့ယှဉ်ပြိုင်ကစားရာ အမှတ်(၂)လျှပ်စစ်စွမ်းအားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားသည်။

ဒုတိယတန်း

ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ပင်မထောက်ပံ့နှင့်ပို့ဆောင်ရေးတပ်အသင်းနှင့် တပ်မတော်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်လူငယ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တတိယတန်း

တတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲအဖြစ် တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ Oasis Myanmar အသင်းနှင့် United အသင်းတို့ယှဉ်ပြိုင်ကစားကြရာ United အသင်းက လေးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိသွားသည်။

စက်တင်ဘာ ၁၉ ရက်**(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော အားကစားကွင်းများ၌ အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်ရာ အဆင့်မြင့်တန်းပွဲစဉ်အဖြစ် စီးပွား/ကူးသန်းအသင်းနှင့် သစ်တောရေးရာအသင်း၊ ပထမတန်းပွဲစဉ်အဖြစ် Air-Bagan အသင်းနှင့် Golden Hill Tower အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပြည်နယ်နှင့် တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှစတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၁၉ ရက် (ယနေ့) **နံနက် ၈ နာရီတွင် အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ နှင့် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။**

အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲ ကျင်းပမည်

သတ္တမအကြိမ်မြောက် မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ခြင်းလုံးခတ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ငွေသားဆုများချီးမြှင့်မည်ဖြစ်ရာ ပထမဆု ငွေကျပ်တစ်သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သောင်း၊ တတိယဆု ငွေကျပ်ငါးသောင်း၊ နှစ်သိမ့်ဆု ငွေကျပ်သုံးသောင်း၊ ကျမှတ်အနည်းဆုံး ဆုငွေကျပ် နှစ်သောင်း ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးနည်းစနစ် နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကျင်းပ

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၀၇ ခုနှစ် ပြည်နယ်နှင့်တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှုနည်းစနစ် နည်းပြနှင့် ဒိုင်သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် (အပေါ်ပုံ)**နှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးတို့က သင်တန်းဖွင့် အမှာစကား ပြောကြားကြသည်။**

သင်ကြားမည်

အဆိုပါသင်တန်းသို့ ပြည်နယ်နှင့် တိုင်းများ၊ အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန၊ အောင်ဆန်းအားကစားပြိုင်ဝင်း လေ့ကျင့်ရေးစခန်းနှင့် လေ့လာသူများ စုစုပေါင်းသင်တန်းသူ ၆၃ ဦး တက်ရောက်ကြပြီး နည်းပြသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ ဒိုင်လူကြီးသင်တန်းကို စက်တင်ဘာ ၂၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အသင်းကြီးများ ရင်ခုန်စွာ ဖြတ်သန်းရမည့် ချန်ပီယံလိဂ်ညချမ်း

မက်ဒရစ် စက်တင်ဘာ ၁၈

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲရဲ့ အုပ်စုအဆင့် ပထမအကျော့ ဘောလုံးပွဲတွေကို စက်တင်ဘာ ၂၀ရက် နံနက် ၁ နာရီ ၁၅မိနစ်မှာ ဆက်လက် ကစားမှာဖြစ်ပါတယ်။ ဥရောပ ကလပ်အသင်းတွေရဲ့ အဆင့်မြင့်ဆုံး ဘောလုံးပြိုင်ပွဲဖြစ်တာမို့ ကမ္ဘာတစ်ဝန်း ပရိသတ်တွေ အထူးမျှော်လင့်စောင့်စားနေကြတဲ့ ပွဲစဉ်တွေချည်းပဲဖြစ်နေသလိုထိပ်တန်းအသင်းတွေ မထင်မှတ်တဲ့ရလဒ်တွေဖြစ်ပေါ်နိုင်တဲ့ အနေအထားရှိတာကြောင့် ကလပ်အသင်းကြီးတွေအနေနဲ့ရင်ခုန်စရာညချမ်းကို ဖြတ်သန်းကြရဦးမှာ ဖြစ်ပါတယ်။

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

စပို့တင်းလစ္စဘွန်းနှင့် မန်ယူ

ချန်ပီယံလိဂ် အုပ်စု(စ)မှာတော့ စိတ်ဝင်စားစရာအကောင်းဆုံး ပွဲစဉ်ဖြစ်ပါတယ်။ မန်ယူ ကြယ်ပွင့်တွေဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ နာနီတို့ရဲ့ အသင်းဟောင်း စပို့တင်းလစ္စဘွန်းကို သူတို့တွေ ဘယ်လိုရင်ဆိုင်ကြရမယ်ဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဖာဂူဆန်ဟာ ဒီပွဲမှာသူတို့ကို သေသေချာချာ ထုတ်သုံးပါလိမ့်မယ်။

မန်ယူမှာ ဒဏ်ရာက သက်သာလာပြီဖြစ်တဲ့ တိုက်စစ်မှူးရွန်နေ ဒီပွဲမှာ ပါဝင်ကစားနိုင်ရင်တော့ မန်ယူအခြေအနေ ကောင်းနိုင်ပါတယ်။ယူရိုခြေစစ်ပွဲနဲ့ ပရီမီယာလိဂ်ပွဲတွေကြောင့် ပွဲပန်းနေကြတဲ့ဘောလုံးသမားတွေအကောင်းဆုံး ခြေစွမ်းရဖို့တော့ မလွယ်ပါဘူး။ စပို့တင်းလစ္စဘွန်းနဲ့ မန်ယူတို့ဟာ လွန်ခဲ့တဲ့ ၂၀၀၃ခုနှစ် ချန်ပီယံလိဂ်ပွဲတုန်းက ဆုံတွေ့ခဲ့ဖူးပါတယ်။ အဲဒီပွဲတုန်းက စပို့တင်းလစ္စဘွန်း ကွင်းမှာ မန်ယူကို သုံးဂိုး-တစ်ဂိုးနဲ့ ပညာပေးလိုက်တာကြောင့်အခုမန်ယူတို့လက်စားချေလို့ရမယ့် ပွဲပါပဲ။ မန်ယူတို့ ဒီပွဲကို အနိုင်ကစားမယ်လို့ ထင်မိပါတယ်။

ဘာစီလိုနာနှင့် လီယွန်

ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားတဲ့ ဘာစီလိုနာကို လီယွန်တို့ အနိုင်ကစားဖို့ဆိုတာ ခက်ခဲတဲ့ ကိစ္စတစ်ခုပါပဲ။ နေရာလိုက် ကစားအား တောင့်တင်းတဲ့ ဘာစီလိုနာဟာ အိမ်ကွင်းမှာချန်ပီယံလိဂ်ပွဲဦးထွက်အနိုင်ရရှိဖို့ အစွမ်းကုန် ကြိုးစားအားထုတ်ဖြစ်ပါတယ်။

အွန်နရီ၊ ရော်နယ်ဒင်ဟိုတို့လို ဝါရင့်၊ သမ္မာရင့်တွေပါဝင်သလို မက္ကဆီကို တိုက်စစ်မှူးဒေါ့စ်တိုနဲ့ အဘီဇယ်တို့လို အထိုင်ကြနေတဲ့ လူသစ်တွေ ပါဝင်နေတာကြောင့် ဘာစီလိုနာဟာ တောင့်တင်းထက်မြက်တဲ့အသင်းကောင်း တစ်သင်းပါပဲ။ လီယွန်ဟာ ချန်ပီယံလိဂ်မှာတော့ ခြေစွမ်းပြနိုင်တဲ့အသင်း တစ်သင်းမို့ ဘာစီလိုနာတို့ သတိထား ကစားရပါလိမ့်မယ်။ ဘာစီလိုနာနဲ့ လီယွန်ဟာ ပြီးခဲ့တဲ့ ၂၀၀၁ ခုနှစ်က ချန်ပီယံလိဂ်မှာ ဆုံခဲ့တုန်းက အဝေးကွင်း၊ အိမ်ကွင်း နှစ်ကျော့စလုံး ဘာစီလိုနာတို့ အနိုင်ရခဲ့တာကြောင့် အခုပွဲ အိမ်ကွင်းမှာ ဘာစီလိုနာတို့ အလေးသာနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ခက်ခက်ခဲခဲ ရှန်းကန်ရမယ့်ပွဲပါပဲ။

အာဆင်နယ်နှင့် ဆီဗီလာ

ပရီမီယာလိဂ်မှာ ထိပ်ဆုံးနေရာ ရယူထားပြီး ရှုံးပွဲမရှိသေးတဲ့ အာဆင်နယ်ဟာ ချန်ပီယံလိဂ် စစ်မျက်နှာမှာလဲ ပြိုင်ဘက် ဆီဗီလာကို သေသေချာချာ ပြင်ဆင် ကစားပါလိမ့်မယ်။ အာဆင်နယ်အောင်ပွဲတွေရဖို့လွတ်လွတ်လပ်လပ် လုပ်ပိုင်ခွင့်ပေးရတဲ့ နည်းပြအာစင်ဝင်းဂါးဟာ ဒီပွဲမှာ ဖာဘရီဂတ်စ်၊ ရိုဆစ်စကီးနဲ့ ဗန်ပါစီတို့ အုပ်စုအားကိုးနဲ့ အိမ်ကွင်းမှာ ဆီဗီလာကို ဧည့်ခံပါလိမ့်မယ်။

နောက်တန်းခံစစ်ကြောင်း ခိုင်လုံတဲ့ ဆီဗီလာကို အာဆင်နယ်တိုက်စစ်မှူးတွေ ကျော်ဖြတ်ဖို့ကတော့ သိပ်မလွယ်ပါဘူး။ ဆီဗီလာနောက်တန်းမှာ ဂူတီနိုဗစ်၊ ဒူဒါ၊ အဲလ်ဗက်စ်နဲ့ ကျူဒေးတို့ ရှိနေတာကြောင့် အာဆင်နယ်တို့ လွယ်လွယ်ကူကူ ဂိုးမရ နိုင်ပါဘူး။ နာမည်ကြီး ကစားသမားတွေ အကုန်ထွက်သွားခဲ့ပေမယ့် ဟန်ချက်မပျက်သွားတဲ့ အာဆင်နယ်ဟာ ချန်ပီယံလိဂ် အဖွင့်ပွဲမှာ အနိုင်ရအောင်တော့ ကစားမယ်လို့ ယုံကြည်နေပါတယ်။

တော့တီ

ချန်ပီယံလိဂ်၌ ရိုးမားအတွက် ဂိုးများ သွင်းယူပေးမည့် တိုက်စစ်မှူး တော့တီ။
(ဓာတ်ပုံ-အင်တာနက်)

ရိုးမားနှင့် ဒိုင်နမိုကီယက်စ်

ဒိုင်နမိုကီယက်စ်ဟာ အိမ်ကွင်း ခြေစွာသလောက် အဝေးကွင်း ခြေပျက်တတ်တဲ့ အသင်းပါပဲ။ အဝေးကွင်း အိမ်ကွင်းမှာတစ်ပြန်စီအနိုင်ရထားကြတဲ့ အသင်းတွေမို့ ကြည့်ကောင်းမယ့်ပွဲ အဖြစ် မြင်တွေ့ရပါလိမ့်မယ်။ ဒိုင်နမိုကီယက်စ်ဟာ မာကြောတဲ့ အသင်းဖြစ်တဲ့အပြင် ရီဘာရော့ဖ်နဲ့ ရှက်စကစ်တို့က တစ်ဖက်အသင်းနောက်တန်းကို အရှိန်အဟုန် နဲ့ ဖြတ်ကျော်ဂိုး သွင်းနိုင်ကြသူတွေဆိုတော့ အိမ်ကွင်းမှာ ရိုးမားတို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။

ဒါပေမယ့် ရိုးမားအသင်းကလဲ နောက်တန်း ခံစစ်အား သိပ်သည်းကျစ်လျစ်မှုရှိတဲ့ အသင်းဖြစ်သလို တိုက်စစ်မှာ တော့တီ ပြန်ကစားနိုင်တော့ အခြေအနေကောင်းနဲ့ ကြုံတွေ့ရမှာပါ။ ရိုးမားမှာ ဒီနှစ်မှအသစ်ခေါ်ယူထားတဲ့ စီဆင်ဟိုနဲ့ ဂျူလီတို့ကလဲ အသုံး တည့်နေတာမို့ ဒီပွဲအတွက်ကတော့ ရိုးမားကို ချိန်ခွင်လျှာအသာ ပေးလိုက်ချင်ပါတယ်။

ရိန်းဂျားနှင့် စတုဂတ်

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံမှု ရလဒ်ကအိမ်ကွင်းတွေမှာ အနိုင်ရထားကြတဲ့အသင်းတွေဖြစ်ပါတယ်။စတုဂတ်ဟာ ဒီပွဲအတွက် ရိုမက်စ်၊ အီဝါသွန်နဲ့ ကာကောတို့ တိုက်စစ်အတွဲနဲ့ ပွဲထွက်လာနိုင်ပါတယ်။ စတုဂတ် တိုက်စစ်မှူး ဂိုမက်စ်က အဝင်အထွက်ရဲရဲနဲ့ ထိုးဖောက်ကစားတတ်တာကြောင့် ရိန်းဂျားတို့ ပယ်နယ်တီ အပေးမခံရအောင် သတိထား ကစားရပါလိမ့်မယ်။

ရိန်းဂျားအတွက် ဒီပွဲမှာကတော့ အနိုင်ရအောင်ကစားမှာပါ။ ရိန်းဂျားဟာ ချန်ပီယံလိဂ်မှာ ခြေစွာတဲ့အသင်းဖြစ်ပေမယ့် စနစ်တကျပြင်ဆင်လာတဲ့ စတုဂတ်ကို အကောင်းဆုံး တုံ့ပြန်မှုပေးနိုင်ပါလိမ့်မယ်။ ရိန်းဂျားမှာ ဒေးဗစ်ဝီယာ၊အီဗိုဂူနဲ့ စမစ်တို့လို ခံစစ်မှူးတွေရှိတာကြောင့် စတုဂတ်တို့တော်ရုံကြိုးစားလို့ မရနိုင်ပါဘူး၊ အကြိုက်ကတော့ အိမ်ရှင်ပါပဲ။

နာနီ

အသင်းဟောင်းနှင့် ပြန်လည်ရင်ဆိုင်ရတော့မည့် မန်ယူ အလယ်တန်းမှနာနီ။
(ဓာတ်ပုံ-အင်တာနက်)

ဗီနာဘာချီနှင့် အင်တာမီလန်

အဝေးကွင်း ဗီနာဘာချီနဲ့ပွဲကို အင်တာမီလန်တို့ လူကုန်ထုတ်ကစားပါလိမ့်မယ်။ ဗီနာဘာချီမှာ ရီးရဲမက် ဒဏ်ရာက ပြောင်းလာတဲ့ ရော့ဘတ်တို ကားလို့စ်နဲ့ ချယ်လ်ဆီးက ပြောင်းလာတဲ့ တိုက်စစ်မှူး ကက်ဇ်မန်းတို့ ရှိနေတာမို့ လျှော့တွက်လို့မရပါဘူး။

ဒါကြောင့်မို့လို အီဗရာဟင်မိုဗစ်၊ ခရက်စပို၊ ချီဗူး၊ ဖီဂိုနဲ့ ဗီအဲရာတို့ ပါဝင်တဲ့ အင်တာမီလန်ဟာ ဗီနာဘာချီကို အနိုင်ရဖို့ အစွမ်းကုန်ကြိုးစားရပါလိမ့်မယ်။ အဝေးကွင်းဆိုပေမယ့် အကြိုက်က အင်တာမီလန် ပါပဲ။

ပီအက်စ်ဗွီနှင့် စီအက်စ်ကေအေမော်စကို

စီအက်စ်ကေအေမှာ ဘရာဇီး တိုက် စစ်မှူးတွေဖြစ်တဲ့ မက်နာလပ်နဲ့ ဂျိုးတို့ ရှိနေတာကြောင့် အိမ်ကွင်း ဆိုပေမယ့် ပီအက်စ်ဗွီတို့ ဖိဖိစီးစီး ကစားမှ အနိုင်ရပါလိမ့်မယ်၊ စီအက်စ်ကေအေက အဝေးကွင်းနိုင်ပွဲရအောင် ကြိုးစားကစားမှာပါ။ ပီအက်စ်ဗွီမှာ ကော့စတာ၊ ဆယ်လ်စီဒိုနဲ့ ရွှန်ကမ့်တိုက အားကိုးလို့ရပါတယ်။ လက်ရှိခြေစွမ်းအရ ပီအက်စ်ဗွီတို့ အခြေအနေကောင်းနိုင်ပါတယ်။

ဆလားဗီးယားပရာတာနှင့် စတုအာဘူခါရက်စ်

လီဗာပူးက ပြောင်းရွှေ့လာတဲ့ စမစ်ဆာ ဦးဆောင်တဲ့ ဆလားဗီးယားပရာတာဟာပြည်ပကစားသမားအများစုနဲ့ ဖွဲ့စည်းထားတာမို့ အားကောင်းတဲ့ အသင်းပါပဲ။ စတုအာဘူခါရက်စ်အသင်းက ချန်ပီယံလိဂ်မှာ အစဉ်အလာသိပ်မရှိတဲ့အသင်းမို့ အခု အုပ်စုပွဲပထမအကျော့အဖြစ် အဝေးကွင်းမှာ အိမ်ရှင်ကို အနိုင်ရဖို့တော့ မလွယ်ပါဘူး၊ အိမ်ရှင်အသင်းကိုပိုပြီးသဘောကျပါတယ်။ ။

(ကိုးကား-အင်တာနက်)

အင်္ဂလန်အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့ဖလားကွာတားဖိုင်နယ် အမေရိကန်နှင့်ကစားရမည်

လန်ဒန် စက်တင်ဘာ ၁၈

အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများယှဉ်ပြိုင်ကစားလျက်ရှိရာ အင်္ဂလန်အသင်းသည် ကွာတားဖိုင်နယ်ပွဲ၌ အမေရိကန် အမျိုးသမီးဘောလုံးအသင်းနှင့် စက်တင်ဘာ ၂၂ရက်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

တက်လှမ်း

အမေရိကန်အမျိုးသမီးဘောလုံးအသင်းသည် နိုင်ဂျီးရီးယား အမျိုးသမီးဘောလုံးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်ပွဲသို့ တက်လှမ်းလာခြင်းဖြစ်သည်။

သွင်းယူ

အမေရိကန် အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ချာလူနီက ပွဲစပြီး တစ်မိနစ်အတွင်း သွင်းယူသွားခြင်းဖြစ်သည်။

နိုင်ဂျီးရီးယားအသင်းကိုနိုင်ပြီး အောင်ပွဲခံနေသော အမေရိကန် အမျိုးသမီးဘောလုံးအသင်း ။

ယင်းပွဲ အမေရိကန်တို့ အနိုင်ရလိုက်၍ အုပ်စု(က) ပထမရပြီး ကွာတားတက်ခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားအသင်းက တစ်ဂိုးအသွင်းခံထားရချိန် ပြန်လည်တိုက်စစ်ဆင်ကစားသော်လည်း အမေရိကန်မှ ဝမ်ဘတ် အဝေးမှကန်သွင်းရာ ဂိုးဘားတန်းကျော်တက်သွားခဲ့သည်။ **(အင်တာနက်)**

စုစည်းတင်ပြသူ မြင့်မောင်စိုး

မာစီဒီးဘင့်ဖလား ဂေါက်သီးပြိုင်ပွဲ ဒိန်းမတ်မှ ဟန်ဆင်အနိုင်ရဗိုလ်စွဲ

ကိုလုံ စက်တင်ဘာ ၁၈

မာစီဒီးဘင့် ချန်ပီယံရှစ်ဂေါက်သီးရိုက် အားကစားပြိုင်ပွဲလို ဂျာမနီနိုင်ငံ ကိုလုံမြို့၌ ကျင်းပခဲ့ရာ ဒိန်းမတ်နိုင်ငံမှ ဆိုရမ်ဟန်ဆင်သည် အခြားပြိုင်ဘက်များထက် လေးချက်အသာရပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဟန်ဆင်သည် နောက်ဆုံးနေ့က ၆၇ချက်သာ ရိုက်ပြီး ငါးချက် လျှော့ရိုက်နိုင်ခဲ့သည်။ စုစုပေါင်းရိုက်ချက်တွင် ၁၇ချက်လျှော့ရိုက်နိုင်ခဲ့သည်။

ဆွတ်ခူးနိုင်

ဟန်ဆင်ဆွတ်ခူးသွားသော မာစီဒီးဘင့်ဖလားသည် ၎င်း၏ ဂေါက်သီးကစားသမား ဘဝတစ်လျှောက် ဒုတိယမြောက် ဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင်အင်္ဂလန်မှ ဖီးလစ်အာချာ၊ စကော့တလန်မှ ဖော်ဆစ်တို့သည် နောက်ဆုံးနေ့က အချက်၇၀စီ ရိုက်ခဲ့ကြပြီး ဒုတိယဆုကို ခွဲဝေယူခဲ့ကြသည်။

ဒိန်းမတ်ဂေါက်သီးကစားသမား ဟန်ဆင်သည် ၁၉၉၉ ခုနှစ် ယူရိုပီယံပြိုင်ပွဲမှစပြီး ပုံမှန်ပြိုင်ပွဲကြီးများတွင် ပါဝင်ကစားခဲ့သည်။ ၂၀၀၂ခုနှစ် ပထမဆုံးအကြိမ်အဖြစ် အိုင်းရစ်အိုးပင်းတွင် ဖလားဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

မာစီဒီးဘင့်ဖလားနှင့်အတူ အောင်ပွဲခံနေသော ဒိန်းမတ် ဂေါက်သီးအကျော် ဆိုရမ်ဟန်ဆင်။
(ဓာတ်ပုံ-အင်တာနက်)

မွေးနေ့မင်္ဂလာဆုမွန်လွှာ

၁၉–၉–၂၀၀၇ရက်တွင်ကျရောက်သော ဖခင်ကြီး **ဦးအောင်ရှိန်** (မော်လိုက်အရှေ့ သစ်ထုတ်ရေးမန်နေဂျာ)၏ (၅၉)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ အသက်ရှည်၍ အနာကင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်–

ချစ်ဇနီး – **ဒေါ်တင်တင်ဝင်း(ရတနာဝင်းရွှေဆိုင်)**
ချစ်သမီးများ – **ကိုကြည်သာထွန်း–မနွယ်ဝင်းရှိန်**
– **ဗိုလ်ကြီးဇေယျာဦး–မအေးဝင်းရှိန်**
– **မလဲ့ဝင်းရှိန်**
– **မပြည့်ဖြိုးဝင်းရှိန်**
ချစ်မြေးများ။

အိမ်စီးကားသန့် ရောင်းမည်	**Publica 81. ဒ/----** မ/၁၃၊ ရှမ်းကုန်းလမ်း၊လမ်းသစ်၊အင်းစိန်။

ရောင်းမည်

ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်ချုပ်လမ်းမကြီး၊ ၂၆ ပေ x ၅၅ပေ ဖလက်မ၊ နှစ်ထပ်လုံးချင်းအိမ် (မြေပါ)ရောင်းမည်။

ဖုန်း–၀၉–၅၁–၄၄၆၄၈။

အမည်ပြောင်း

အထက(၁) ရွှေပြည်သာ တက္ကသိုလ်ဝင်တန်း (N)မှ မောင်ငြိမ်းချမ်းကိုကိုအား ယနေ့မှစ၍ မောင်ရဲသူအောင်ဟု ခေါ်ပါရန်။

မောင်ရဲသူအောင်။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဒယ်ဒီ **ဦးထင်အောင်**၏ စက်တင်ဘာ ၁၉ရက် မွေးနေ့မင်္ဂလာမှ အသက်ရာကျော်တိုင် ချစ်ဇနီး၊ ချစ်သား၊ ချစ်သမီးတို့နှင့်အတူ ဘဝခရီးကိုပျော်ရွှင်ချမ်းမြေ့စွာ အတူတူလျှောက်လှမ်းနိုင်ပါစေ။

ချစ်ဇနီး – **ဒေါ်ချယ်ရီ၊**
ချစ်သား – **Kevin. H. Huang Gr.7 (Y.I.E.C)၊**
ချစ်သမီး – **Kristinna.H.Huang Gr.4 (Y.I.E.C)။**

RUBY ကားစီးလုံးငှားသည်
503176, 519100
Saloon, Van, Surf, Pick-up
ကားမျိုးစုံ လချုပ် ငှားသည်၊ ယာဉ်ပိုင်ရှင်းနှင့်အိမ်ခြံမြေရောင်းဝယ်၊ ငှားလိုသူများဆက်သွယ်ပါ

ကျေးဇူးဆပ်ပါမည်

ရတနာကြယ် ကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၏ ကုမ္ပဏီမှတ်ပုံတင်ကတ်ပြား(အမှတ် ၂၆၃/၁၉၉၉ –၂၀၀၀) သည် ၇–၉–၂၀၀၇ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း–၅၅၇၄၄၈(၂၅၀၂)။**

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် မလိခ အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ် (၄၂)သည် ယခုလက်ရှိ ဦးတင်ဝင်း အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဦးတင်ဝင်းထံမှ ဦးခင်ဇော်ဦးသို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဦးခင်ဇော်ဦးမှ တိုက်ခန်း ပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အိမ်ရာအုပ်ချုပ်ရေးဌာနခွဲ (ရန်ကုန်)သို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန။

မိုးလေဝသအခြေအနေ

၁၉–၉–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

စာအုပ်စင်တိုင်းတွင်ရှိသင့်သော

မြန်မာ့ဓလေ့ ဖြစ်ရပ်ဆန်းနှင့် အကျိုးထူးများ

ကျော်ဇောဟိန်း (နံ့သာ) **ထွက်ပြီ**

အချိန်ယူလက်တွေ့ကျကျ ရေးသားထားသည့်စာအုပ်

ဖြန့်ချိရေး ချမ်းသာစာပေ၊ အမှတ် ၁၂၀၊ ၃၄လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၃၈၈၉၅၅
ရွှေကျားစာပေ၊ အမှတ် ၀၀၄၊ တိုက် ၁၁၊ အေ–၆၊ ယုဇနဥယျာဉ်မြို့တော်၊ ဖုန်း–၅၆၃၂၆၇
စာမူခွင့်ပြုချက်အမှတ် – ၄၀၀၄၁၇၀၃၀၇၊ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၃၈၃၀၄၀၇။

KMD Computer Centre (လှည်းတန်း)

:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

အခြေခံမှစ၍နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

ကွန်ပျူတာသင်တန်းများသင်တန်းအပ် လက်ခံနေပါပြီ။

KMD (လှည်းတန်း-၁) အခန်း ၃၀၊ ပထမထပ်၊ တိုက် ၁၊ စီမံကိန်းအိမ်ရာ(၁)၊ အင်းစိန်လမ်း၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း - ၅၂၄၄၁၀၀/ ၅၁၅၃၉၉ KMD (လှည်းတန်း-၂) ၁၅(ခ) တော့ဗ္ဗထပ်၊ အင်းစိန်လမ်းနှင့် ဦးထွန်းလင်းခြံလမ်းထောင့်၊ လှည်းတန်း၊ ကမာရွတ်။ ဖုန်း - ၅၁၂၂၁၁

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ခုနှစ် တော်သလင်းလဆန်း ၈ ရက် (ဥပုသ်နေ့)
၁၉–၉–၂၀၀၇ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ဝါဆိုမိုးဆန်းကန်တော့ပန်း (တိပိဋကနိကာယ အနုပညာအဖွဲ့)
၈း၀၅ ၅။ တန်ခိုးကြီးမား ထင်ရှားအကျော် ရာဇမဏိစူဠာကောင်းမှုတော် စေတီတော်
၈း၁၅ ၆။ သံသာချိုအေး မင်္ဂလာတေး
၈း၃၀ ၇။ International News
၈း၄၀ ၈။ Islands of Dhamma
၈း၄၅ ၉။ ဘဒ္ဒန္တ တေဇဝန္တ (အဂ္ဂမဟာပဏ္ဍိတ) ဒုတိယဥက္ကဋ္ဌဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပုဗ္ဗာရုံကျောင်းတိုက်၊ မိုးမိတ်မြို့၊ ရှမ်းပြည်နယ်ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အမှတ်(၃) အခြေခံပညာဦးစီးဌာန တတိယအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (တတိယဆု) [အထက(၂)လှိုင်သာယာ] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ပထဝီဝင်အထူးပြု) [ပထဝီဝင်]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၀ ၆။ သီချင်းကြီးပဒေသာ
၁၇း၂၀ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၇း၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၁၈း၀၀ ၉။ ညနေခင်းသတင်း
၁၈း၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၁။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၂။ လွင်မိုးခရီးသွားသည်
၁၉း၃၅ ၁၃။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ ၁၀–၁၅နှစ်] (အမျိုးသား/အမျိုးသမီး)
၁၉း၄၀ ၁၄။ ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆွေးနွေးခန်း (ရုပ်သေးပြိုင်ပွဲ)
၂၀း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Franz Hararay's Magic Planet
၁၉။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ **ဝေဿန္တရာဇာတ်တော်ကြီး** (ပထမဆု) [ရန်ကုန်တိုင်း] (ဒုတိယပိုင်း)
၂၀။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

တာမွေမြို့နယ် မြန်မာပြည်သားအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းစုလီမိတက် တည်ထောင်သည့် (၁၃)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ဝန်ထမ်း ၈၇ဦးအတွက် တူညီဝတ်စုံများပေးအပ်ပွဲကို စက်တင်ဘာ ၁၅ရက်က အသင်းရုံးခန်းမတွင်ကျင်းပရာ အသင်းအုပ်ချုပ်မှု ဒါရိုက်တာအဖွဲ့ဝင် ဒေါ်လှလှကြည်က အမျိုးသမီးဝန်ထမ်းများကိုယ်စား မန်နေဂျာဒေါ်ကြည်ကြည်မာအား တူညီဝတ်စုံများ ပေးအပ်စဉ်။

(က–ပ)

မြန်မာနိုင်ငံကုန်သည်စက်မှုအသင်းချုပ်နှင့် မလေးရှားကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား မလေးရှားနိုင်ငံ Ambridge Bima Sdn. Bhdမှ Financial Consultant Mr. Chandranmani ခေါင်းဆောင်၍ အဖွဲ့ဝင်သုံးဦးတို့ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာကိစ္စနှင့် ပို့ကုန်သွင်းကုန်ဆိုင်ရာကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြို့ဝင်ဆိုင်းဘုတ်ပြုပြင်ခြင်းလုပ်ငန်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

တုံတာမြို့ စည်ပင်သာယာရေးအဖွဲ့မှ မြို့ဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်းလုပ်ငန်းအား ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်သိန်း ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မျိုးထက်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

အသက်နှစ်ဆယ်အရွယ်များသို့စာအုပ်ထွက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၈

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ) ရေးသားသည့် **"အသက်နှစ်ဆယ်အရွယ်များသို့"** စာအုပ်ထွက်ရှိသည်။

(ဝဲပုံ)

အဆိုပါစာအုပ်တွင် စာရေးသူက အပျိုမပရိသတ် ဆယ်ကျော်သက်လူငယ်စာဖတ်သူတို့အတွက် ပေါ့ပေါ့ပါးပါးနှင့် စိတ်ဝင်စားအောင် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲရေးပညာရပ်တို့ကို ရှင်းလင်းတင်ပြထားကြောင်း၊ လူမှုရေး၊ နိုင်ငံရေးအမြင်အချို့ကိုလည်း အနည်းအကျဉ်း ထည့်သွင်းဖော်ပြထားကြောင်း တင်ပြထားသည်။ နိုင်စာပေ အမှတ် ၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း–၀၁–၂၅၄၂၇၀မှ ဖြန့်ချိ၍ တန်ဖိုးကျပ် ၁၀၀၀ ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၆)ရပ်ကွက် ကုန်ဈေးတန်းလမ်းနေ (ဦးကောက်)–ဒေါ်ကြင်ယုံ၊ သား မောင်ဇော်လင်း၊ မောင်ဇော်ဝင်း(အမြွာညီအစ်ကို)၏(၃၉)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် အလှူငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာမှ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မုံရွာ၌ကျင်းပ

မုံရွာ စက်တင်ဘာ ၁၀

၂၀၀၇ခုနှစ် မုံရွာခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၂၈ရက် နံနက် ၉နာရီက မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က ၂၀၀၇ ခုနှစ် မုံရွာခရိုင် (၁၅)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ယာပုံ)**

ဂုဏ်ပြုချီးမြှင့်

ထို့နောက် မုံရွာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်က သီဆိုကပြ ဖျော်ဖြေပေးကြသော အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ချီးမြှင့်ပေးသည်။

လှူဒါန်း

ဆက်လက်၍ မုံရွာခရိုင် (၁၅)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် မုံရွာခရိုင် ပညာရေးမှူးရုံးက ငွေကျပ်သုံးသိန်း၊ လိုင်မေတ္တာကုမ္ပဏီကငွေကျပ်တစ်သိန်း၊ မြန်မာအရှေ့တိုင်းဘဏ်က ငွေကျပ် တစ်သိန်း၊ ရွှေမိုးသာကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ အေးရှားဝေါကုမ္ပဏီက ငွေကျပ် တစ်သိန်း၊ ကမ္ဘောဇဘဏ်က ငွေကျပ် တစ်သိန်းကိုပေးအပ်လှူဒါန်းရာ မုံရွာခရိုင်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်ကလည်းကောင်း၊ မုံရွာ၊ ဘုတလင်၊ အရာတော်၊ ဆားလင်းကြီး၊ယင်းမာပင်နှင့် ပုလဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများက ငွေကျပ် ခုနစ်သောင်းစီကို လှူဒါန်းရာ မုံရွာခရိုင်အတွင်းရေးမှူးဦးဝင်းမြင့်ကလည်းကောင်း၊ မုံရွာခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာများမှ လှူဒါန်းငွေများကို တာဝန်ရှိများက လည်းကောင်း လက်ခံယူပြီး မုံရွာခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို ဆက်လက်ကျင်းပခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)



ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် သီလလမ်း အမှတ် ၈၈၀/ကနေ ဦးသိန်းဆွေ- ဒေါ်ခင်လှလှ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီးအတွက်အလှူငွေကျပ်နှစ်သိန်းနှင့်လမ်းခင်းရန်အတွက် အလှူငွေကျပ်နှစ်သိန်း စုစုပေါင်းအလှူငွေကျပ်လေးသိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တ နန္ဒထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆွမ်းဆန်နှင့်ဆီ ဆက်ကပ်လှူဒါန်းပွဲ ရေဦး၌ ကျင်းပ

ရေဦး စက်တင်ဘာ ၁၇

ရေဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့ပေါ်ကျောင်းတိုက် ၁၈တိုက်ရှိ ဦးစီးပဓာန နာယကဆရာတော်ကြီးများနှင့် စာချဆရာတော် ၃၈ပါးတို့အား မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဆန်စက်လုပ်ငန်းရှင်များ ဆန်ကုန်သည်များ၊စီးပွားရေးလုပ်ငန်းရှင်များနှင့် ပညာရေးဝန်ဆောင်မှုအဖွဲ့များ စုပေါင်း၍ ဆွမ်းဆန်တော်နှင့်ဆီများ ဆက်ကပ်လှူဒါန်းပွဲကို စက်တင်ဘာ ၁၂ရက်က ကျင်းပသည်။

အခမ်းအနားတွင် ရေဦးမြို့ မိုးကောင်းကျောင်းတိုက်မှ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘဒ္ဒန္တ ဦးဥတ္တမသာရာဘိဝံသက သြဝါဒကထာ မြွက်ကြားပြီ မြို့နယ်ဥက္ကဋ္ဌဦးခင်ထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ကာ သံဃာတော် ၃၈ပါးတို့အား အရဏ်ဆွမ်းဆက်ကပ်ပြီး ဆွမ်းဆန်တစ်တင်းခွဲဝင်အိတ်၂၇အိတ်နှင့် ဆီ ၁၀ပိဿာဝင် ၁၉ပုံးတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် သက်ဆိုင်ရာ အကျိုးဆောင်အဖွဲ့များ ပူးပေါင်း၍ သြဂုတ် ၁၆ ရက်က မြို့မဈေးကြီးနှင့် မြို့ပေါ် စာသင်ကျောင်း လေးကျောင်းတို့တွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်မီးဖြန့်ဝေရေးဖွင့်ပွဲ သိန်းနီ၌ကျင်းပ

သိန်းနီ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ် မီးဖြန့်ဝေရေးဖွင့်ပွဲ အခမ်းအနားကို သြဂုတ်၆ရက် မွန်းလွဲ ၁နာရီက ကောင်းဟော်ကျေးရွာ အုပ်စု ဟိုတာရွာ ဦးပိုင်းကျန်နေအိမ်၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးသက်စိုးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးမောင်လေးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဦးအိုင်ခမ်းမန်းက စပါးခွံဓာတ်ငွေ့သုံးကျေးရွာ လျှပ်စစ်မီးဖြန့်ဖြူးရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်မီး ဖြန့်ဝေရေးလုပ်ငန်း ဆိုင်းဘုတ်ကို မြို့နယ်ဥက္ကဋ္ဌဦးသက်စိုး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌဦးမောင်လေးနှင့် စပါးခွံဓာတ်ငွေ့သုံး ကျေးရွာလျှပ်စစ်မီးလုပ်ငန်းရှင် ဦးပိုင်ကျန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ လျှပ်စစ်ဓာတ်အားခလုတ်နှင့် လျှပ်စစ်မီးကိုဖွင့်လှစ်ပေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပန်းအလှပင်များစစ်ဆေး

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် သြဂုတ် ၄ ရက်က အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပန်းအလှပင်များနှင့် အရိပ်ရပင်များကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းတင်ပြစဉ်။ (၃၁၆)

မြန်မာ့အသံ နာဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၉ ရက်
၂၀-၉-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၀:၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ပဲခူးတိုင်း သနပ်ပင်မြို့နယ်က ငါးမွေးမြူရေးလုပ်ငန်းနှင့် ငါးခြောက်လုပ်ငန်း)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဝိမုတ္တိမဂ္ဂဇင်း (အမှတ်-၁) (မိုးကုတ်ဝိပဿနာ ရိပ်သာခွဲ-၇၇)
(၂) မြင်းမိုရ်တမ်းချင်း (ဝေမိုး-ကျွန်းလှ)စီစဉ်သည်

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (အာဟာရနှင့် အသက်ရှည်ရေး-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (မြောင်းမြလက်ဆောင် ကြာဆံမရွေး)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတကမ္ဘာ

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မင်းချစ်မှချစ်ပါ့မလား (ဇော်ပိုင်)
(၂) သိပ်ချစ်တာပဲ (မီးမီးခဲ)

၁၈:၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (စကားပြောတဲ့ နားကပ်ကလေးတစ်ရန်)

၁၉:၄၀ ခေတ်မရွေးသောတေး
(၁) သက်တံ့ပေါ်မှာကစားမယ် (လွှမ်းမိုး)
(၂) မမိုး (ချိုပြုံး)
(၃) အချစ်ဘယ်ကစ (စည်သူလွင်၊ လေးလေးဝါး)

၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) စမ်းရေ (ကိုတင်ဝင်း)
(၂) မိုးနဲ့အတူ (ရီရီသန့်)
(၃) ငွေညို့ပင် (စောင်းသိန်းဖေ)

ပေါင်မြို့နယ် ပညာမွန်(၂)စာကြည့်တိုက် အဆောက်အအုံဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်း

ပေါင် စက်တင်ဘာ ၂

ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာ ပညာမွန် (၂) စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို သြဂုတ် ၁၇ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရွှေမန်းတင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်ချိုမြတ်မြတ်ထွေးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ပြောကြားပြီး သုတ၊ ရသစာအုပ်မျိုးစုံ အုပ် ၅၀၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့က စာအုပ်မျိုးစုံ ၂၅အုပ်၊ ကျေးရွာမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်၂၅ အုပ်၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက စာအုပ်မျိုးစုံ ၂၅အုပ်နှင့် ကျေးရွာမှ စေတနာရှင်တစ်ဦးက အလှူငွေကျပ် ၁၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ စာကြည့်တိုက်မှူးက လက်ခံယူသည်။

ထို့နောက် စာဖတ်ဝိုင်းကို ဆက်လက်ကျင်းပရာ ကျေးရွာမှ ဒေါ်မိယဉ်ပြုံးက ဒို့ကျေးရွာဂျာနယ် အတွဲ (၄)၊အမှတ် (၁၅)စာစောင်တွင်ပါရှိသော ဖွင့်ထားသော စာသင်ကျောင်း ခေါင်းစဉ်ပါ စာတမ်းကိုဖတ်ကြားပြီး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်စိန်သန်းက အလင်းတံခါးများဖွင့်ကြလော့စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မန်တုံ၌ကျင်းပ စွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်

မန်တုံ စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မန်တုံမြို့နယ် ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်မောင်ဝင်း တက်ရောက် အမှာစကားပြောကြားသည်။

စွမ်းဆောင်ရည်

ပညာရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ပညာရေးမှူး ဦးတီယာအုပ်၊ ကျောင်းအုပ်ဆရာကြီး ဦးချစ်ဝင်း၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်နှင့်တာဝန်ခံ ကျောင်းအုပ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက ပညာရေးအညွှန်းကိန်းရမှတ်များ တိုးတက်အောင် ဆောင်ရွက်ရေး၊ ကျောင်းအုပ်ဆရာကြီးများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ ဥပဓိရုပ်မကောင်းသည့်ကျောင်းများကို မိဘဆရာအသင်း၊ ကျောင်းကော်မတီများနှင့်ညှိနှိုင်းပြီး အမြန်ပြုပြင်ကြရန်တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။**(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြင်ဦးလွင်၌ ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၁၂

ပြင်ဦးလွင်ခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃၀ရက် နံနက် ၉နာရီက ပြင်ဦးလွင်မြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ဇေယျာဝတီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဆွေနှင့်ဇနီး၊ အရာရှိကြီးများ၊ ခရိုင်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌဦးအေးလွင်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြင်ဦးလွင် ခရိုင်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးမင်းလွင်၊ ခရိုင်ပညာရေးမှူး ဦးဝင်းမြင့်နှင့် ဒိုင်အဖွဲ့ချုပ် ဦးထိပ်တင်ဆန်း (မြို့မ)တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ခရိုင်ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါ ပြိုင်ပွဲကို ခရိုင်အတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ဝါသနာရှင် ၉၅ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သီပေါမြို့နယ် နမ့်လန်ဒေသ အားကစားကွင်း၌ မိုးရာသီကလပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဩဂုတ်၁၁ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးဇော်ဟိန်းနှင့် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်တို့ တက်ရောက် အားပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းနှင့် ခြံစည်းရိုးကြက်ဆူ စိုက်ခင်းလုပ်ငန်းကို ဇူလိုင်၂၇ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က ရှင်းလင်းတင်ပြစဉ်။ (က-ပ)

ရေးမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ လုပ်ငန်းစည်းဝေး

ရေး စက်တင်ဘာ ၅

မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုလီမိတက်၏ ၂၀၀၅-၂၀၀၆နှင့် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်၏ အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးချယ်ပွဲကို ဩဂုတ် ၂၆ ရက်က ရေးမြို့နယ် သမဝါယမအသင်းစုရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အသင်းစုအုပ်ချုပ်မှုဒါရိုက်တာ ဦးညွန့်မောင်၊ သဘာပတိအဖြစ် ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဟင်းတို့က ဆောင်ရွက်ပြီး မွန်ပြည်နယ် သမဝါယမဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးဒေါ်ခင်သိန်းထိုက်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဇော်တို့က အမှာစကား ပြောကြားကာ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးမြင့်ဦး၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းကို ဦးအုန်းတင်နှင့် စာရင်းစစ်အဖွဲ့၏ အစီရင်ခံစာကိုဦးကောင်းချစ်တို့က ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ အသင်းစုလီမိတက်၏ဒါရိုက်တာအဖွဲ့ဝင်များ၊ စာရင်းစစ်အဖွဲ့များရွေးချယ်ပွဲကို ဆောင်ရွက်ရာ ရွေးချယ်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် မွန်ပြည်နယ်သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးလှဟန်က ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ထို့နောက် အသင်းစုလီမိတက်ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌဦးမောင်ဟင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်ငါးဦး၊ အသင်းသားစာရင်းစစ်နှစ်ဦးကို ရွေးချယ်ပြီး ရွေးချယ်ခံဒါရိုက်တာအဖွဲ့ဝင်များက ရွေးချယ်ပွဲကော်မရှင်ဥက္ကဋ္ဌရှေ့မှောက်တွင် ကတိသစ္စာပြုကြသည်။ **(ပြည်နယ် သမဝါယမ)**

ရုံးပေါင်းစုံလမ်း ကျောက်ချောခင်း

ဟိုပင် ဩဂုတ် ၂၀

ဟိုပင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့သည် လမ်းများကောင်းမွန်စေရေးအတွက် အမြဲမပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၀၇-၂၀၀၈ ခုနှစ် ရုံးပေါင်းစုံလမ်း ကျောက်ချောလမ်းခင်းရန်အတွက် လုပ်ငန်းဆောင်ရွက်မှုကိုဩဂုတ်၁ရက်က မြို့တာဝန်ခံ ဦးသိန်းထူးနှင့် တာဝန်ခံအင်ဂျင်နီယာဦးအင်(န်)ခွန်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **(က-ပ)**

သီပေါ ပြန်/ဆက် ဦးစီးဌာန စာဖတ်ဝိုင်းကျင်းပ

သီပေါ စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဦးစိုင်းသာလှိုင် ဦးဆောင်၍ စာဖတ်ပွဲကို စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးခန်းမ၌ ကျင်းပရာ စက်တင်ဘာ ၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ဇရဲဘော်ဟောင်းတစ်ဦး၏ မင်းကိုနိုင်-ကြိုးမဲ့လေတံခွန် သို့မဟုတ် တိုင်းပြည်အန္တရာယ်ဆောင်းပါးကို ရုပ်/သံ(၃) ဒေါ်ခင်နီလာစိုးကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သောစာအုပ်ပါ စည်းကမ်းရှိမှုနှင့် ခေါင်းဆောင်၏ တာဝန်များဆောင်းပါးကို အငယ်တန်းစာရေး ဒေါ်မာရီကလည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)၏ ရိုးရိုးကျင့်မြင့်မြင့်ကြံ ဆောင်းပါးကို ဝန်ထမ်း ဦးစိုင်းသန်းထွန်းကလည်းကောင်း ဖတ်ကြားဆွေးနွေးကြပြီး စာဖတ်ပွဲနှင့် စပ်လျဉ်း၍ မြို့နယ်ဦးစီးမှူးက ပြန်လည်သုံးသပ်ဆွေးနွေးကြောင်း သိရသည်။ (၁၀၆)

ပဲခူးတိုင်း(အနောက်ပိုင်း)မင်းလှမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်မြင်သူများ ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ်၁၂ ရက်က မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးတို့အား မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးစံသိန်း(အငြိမ်းစား)က ဆုများ ချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

စက်တင်ဘာ ၈ ရက်က မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် မင်းဘူး-စကုလမ်းဘေးဝဲယာ ပလက်ဖောင်းကပ်တုံးများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြပ်မတ်ဆောင်ရွက်စဉ်။ (က-ပ)

တိုင်းရင်းဆေးဆရာများ ကျေးရွာသို့ ကွင်းဆင်းကုသ

သံဖြူဇရပ် စက်တင်ဘာ ၁၀

မွန်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဦးထွန်းမြင့် ဦးဆောင်သော ဝန်ထမ်းများ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် မွန်ပြည်နယ်တာဝန်ခံဦးကျော်ရှိန် (ထုံးအိုင်ဆရာကြီး)နှင့် မွန်ပြည်နယ်အသင်းခွဲဥက္ကဋ္ဌ ဆရာဦးလှရှိန်နှင့် အသင်းဝင် ဆေးဆရာများ၊ သံဖြူဇရပ်မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ဦးစီးမှူး ဦးစောသိန်းဆောင်နှင့် ဝန်ထမ်းများ၊ အသင်းဝင်ဆေးဆရာများသည် ဩဂုတ်၁၉ရက် နံနက်က သံဖြူဇရပ်မြို့နယ် ကရုပ္ပိကျေးရွာသို့ ကွင်းဆင်းသွားရောက်ကြပြီး ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောပွဲ ဆောင်ရွက်ခြင်းနှင့် ဆေးကုသပေးရာ ဝေဒနာရှင် ၁၅၄ဦးတို့အား ကုသိုလ်ဖြစ် ကုသပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်သတင်းများ

ရောဝတီတိုင်း ဓမ္မာရုံထိန်းသိမ်း စောင့်ရှောက်ရေး အကျိုးတော်ဆောင်အဖွဲ့နှင့် ရောဝတီတိုင်းအတွင်းရှိ မြို့နယ်အသင်းများ(ရန်ကုန်)တို့ စုပေါင်း၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်အမှူးပြုသော သံဃာတော်ကိုးပါးတို့အား အဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ဩဂုတ် ၂၆ရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၂၁/၄၃စီ ကြားတောရလမ်းရှိ ရောဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေး အကျိုးတော်ဆောင်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဟိုတောင်းလမ်း ကျောက်ချောခင်း

မိုင်းယန်း စက်တင်ဘာ ၅

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဟိုတောင်းလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဩဂုတ် ၂၃ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဝင်းတို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**

မိဘနှစ်ပါးနှင့် အစ်မတို့အား ရည်စူး၍ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း အမှတ် ၁၂၂ နေ ဦးမြင့်ဝင်း-ဒေါ်ရွှေ၊ သား ဒေါက်တာဝင်းမင်းမာန် နှင့် ဦး တင် အောင် - ဒေါ်ကြင်သန်း၊ သမီး မသဇင်လင်း မိသားစုတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၅၀၀၀၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လုပ်ငန်းဆိုင်ရာမှာကြားချက်များ ဟသ်ာတ၌ ထပ်ဆင့်ရှင်းလင်း

ဟသ်ာတ စက်တင်ဘာ ၈

ရောဝတီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးငွေထွန်းသည် ဩဂုတ် ၆ ရက်က ဟသ်ာတမြို့သို့ရောက်ရှိပြီး ဟသ်ာတခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ခရိုင်နှင့်လက်အောက်ခံမြို့နယ်ရုံး ငါးရုံးတို့မှ ဦးစီးအရာရှိနှင့် မြို့နယ်ဦးစီးမှူးများအား တွေ့ဆုံ၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏မှာကြားချက်များ၊ ညွှန်ကြားရေးမှူးချုပ်၏လုပ်ငန်းဆိုင်ရာ ဆွေးနွေးချက်များကို ထပ်ဆင့်ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်ဦးစီးမှူးများက မြို့နယ်အလိုက် ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ခိုင်မာအောင် ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်ကြရေးကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လက်ထောက်ညွှန်ကြားရေးမှူးက ၂၀၀၇-၂၀၀၈ ခုနှစ် ရည်မှန်းချက်တာဝန်(၉)ရပ်ကို လိုက်နာအကောင်အထည်ဖော်ရေး၊ ဖွင့်လှစ်ပြီး စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး၊ စာကြည့်တိုက် မှတ်ပုံတင်ရေးတို့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ရှင်သန်အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့သည် ဩဂုတ် ၇ ရက်က ကြံခင်းမြို့နယ်ရုံးကို စစ်ဆေးပြီး ကြံတောကျေးရွာ စာကြည့်တိုက် ငွေပဒေသာပင်စိုက်ထူပွဲသို့ တက်ရောက်ဟောပြောဆွေးနွေးခြင်း၊ ၈ ရက်တွင် မြန်အောင်မြို့နယ်ရုံးအား စစ်ဆေးခြင်းနှင့် မဲဇင်းကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက် ဟောပြောခြင်း၊ ၉ ရက်တွင် အင်္ဂပူမြို့နယ်ရုံးနှင့် ထူးကြီးရွာ ကြီးပွားရေးစာကြည့်တိုက်နှင့် မယ်ဇလီကုန်းရွာ အောင်ကျော်စာကြည့်တိုက်ကို စစ်ဆေးခြင်းနှင့် ၁၁ ရက်တွင် ဇလွန်မြို့နယ်ရုံးတို့အား စစ်ဆေးခြင်းများ ပြုလုပ်ပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လင်းခေး၌ ပြန်/ဆက် ဝန်ထမ်းများ စာတမ်းဖတ်ပွဲကျင်းပ

လင်းခေး စက်တင်ဘာ ၁၀

လင်းခေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး နှင့် ရုံးဝန်ထမ်းများ၏ ရုံးတွင်း စာတမ်းဖတ်ပွဲကို စက်တင်ဘာ ၄ရက် နံနက် ၁၁နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဦးစီးမှူး ဦးအယ်လ်စိုးထန်တူးက စာတမ်းဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့်အကျိုးရရှိလာပုံများကို ရုံးဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ခတ်ပုံကျွမ်းကျင်(၂) ဦးစိုင်းဇော်လတ်နှင့် စာကြည့်တိုက်မှူး ဒေါ်နန်းအေးခိုင် တို့က ချစ်နိုင်(စိတ်ပညာ)ရေးသားသော အကြီးအမှူးဖြစ်စေတတ်သော စာအုပ်မှ ခေါင်း ဆောင် မှတ် စု စာတမ်း ဆောင်းပါးကို တစ်လှည့်စီဖတ်ကြားပြီး ကျန်ဝန်ထမ်း များနှင့် အပြန်အလှန် ဆွေးနွေးခြင်းများ ပြုလုပ်ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဩဂုတ်၃၀ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးလုကာနှင့်အဖွဲ့ ပုံပါကျင်မြို့တွင် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဆောင်ရွက်သော လမ်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ဆင့်ပွား သင်တန်းဖွင့်

ပြင်ဦးလွင် ဩဂုတ် ၂၀

သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးအသိပညာပေး ဆင့်ပွားသင်တန်း(၇/၂၀၀၇)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က ပြင်ဦးလွင်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအေးလွင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးခင်မောင်သန်းက လုပ်ငန်းရည်ရွယ်ချက်များကိုလည်းကောင်း၊ ကျန်းမာရေးဌာနမှ ဒုတိယဆေးရုံအုပ် ဒေါက်တာနန်းညွန့်ညွန့်အေးက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးထင်အောင်က ပတ်ဝန်းကျင်သန့်ရှင်းရေးကိုလည်းကောင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးစိုးတင့်က သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားရေး ရပ်ကွက်၊ ကျေးရွာများ၌ တစ်ပြိုင်တည်း ဆောင်ရွက်ကြရန်ကိုလည်းကောင်း ပြောကြားကြကြောင်း သိရသည်။

(၂၈၀)

ဩဂုတ် ၂၉ရက်က ကျင်းပသော ကျောက်တန်းအထက(၁) ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားတွင် ကျောင်းအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ငြိမ်းက ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် နှစ်သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှမူထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၉)

သွေးလွန်တုပ်ကွေး ကာကွယ်ရေး ဆောင်ရွက်

ကသာ စက်တင်ဘာ ၇

ကသာမြို့ပေါ် ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေး ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခြင်ဆေးဖျန်းခြင်းကို ဩဂုတ် ၈ရက်က မြို့ပေါ်ရပ်ကွက်များ၊ စည်ပင်သာယာရေးအဖွဲ့ ပိုင်ဈေးများ၌ ဆောင်ရွက်ရာ ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိဦးသောင်းညွန့်နှင့် အဖွဲ့ဝန်ထမ်းများ အမှတ်(၅)ရပ်ကွက်နှင့်(၉)ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကြီးကြပ်ဆောင်ရွက်ပေးသည်။

ထို့အတူ ကန့်ဘလူမြို့ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ချုံနွယ်ပေါင်းမြက်ရှင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းနှင့် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ခြင်ဆေးဖျန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးအောင်၊ ဒုတိယဦးစီးမှူး (ကျန်းမာရေးမှူး) ဒေါ်စိန်အေးနှင့်လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဇူလိုင် ၃၀ရက်က တာချီလိတ်မြို့ ရေစီးရေလာကောင်းမွန်ရေးအတွက် မကာဟိုခမ်းရပ်ကွက် နတ်စင်အနီး ကိုယ့်အားကိုယ်ကိုး အုတ်စီရေမြောင်းပြုလုပ်ခြင်း လုပ်ငန်းကို ခရိုင်ဥက္ကဋ္ဌ ဦးခင်သန်းနှင့် အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်တို့ ကွင်းဆင်း ကြပ်မတ်ညွှန်ကြားဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အင်္ဂပူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြို့ပေါ်ရပ်ကွက်ရှိ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်ရေးလုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၄ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းနှင့် အမှုဆောင်အရာရှိ ဦးတင်ကိုကို တို့ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ဆည်မြို့၌ အုတ်ခုံခံတံတား တည်ဆောက်

ကျောက်ဆည် စက်တင်ဘာ ၉

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် ကျေးလက်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ပန်းခွာ-ကုန်းကြီးကျေးလက်လမ်းပေါ်ရှိ အုတ်ခုံခံသစ်သားတံတားတည်ဆောက်မှုကို ဩဂုတ်၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းခွင်အင်ဂျင်နီယာ ဦးမင်းထိုက်က ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကောက်ရိုးပျော့ဖတ် မျက်မြင်အခြေအနေအတိုင်း ရောင်းချရန် ချိပ်ပိတ်တင်ဒါစနစ်ဖြင့် လေလံခေါ်ယူခြင်း

၁။ **ရောင်းချမည့်ပစ္စည်းများ** – ကောက်ရိုးပျော့ဖတ် (၂၅ ဒသမ ၀၈)တန်
၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** – ၁–၁၀–၂၀၀၇ ရက် (တနင်္လာနေ့) ၁၆း၀၀ နာရီ
၃။ **နေရာ** – ၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ရုံးအမှတ်(၂၁)၊ နေပြည်တော်။
၂။ စမ်းသပ်စက်ရုံစု (မှော်ဘီ) ရန်ကုန်တိုင်း။

မှတ်ချက်။ ။ချိပ်ပိတ်တင်ဒါ ဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ငွေကျပ် ၂၀၀၀နှုန်းဖြင့် ၁၇–၉–၂၀၀၇ ရက်မှစ၍ အထက်ပါနေရာများတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ်သိလိုပါက အောက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဥက္ကဋ္ဌ
လေလံကြီးကြပ်ရေးအဖွဲ့
ဖုန်း–၀၆၇–၄၀၄၀၀၃၊ ၄၀၄၄၄၈၊ ၄၀၄၄၅၅၊ ၀၁–၆၀၀၀၄၂၊ ၆၀၀၀၄၆။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မဏ္ဍလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၃၂၄(အမ်)

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးမြင့်ဆွေ
မြင်းခြံမြို့။ ၂။ ဒေါ်အေးအေးမို့
တရားနိုင် **တရားရှုံး**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ် ၁၉၂တွင်ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ ၂၉ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ကျောက်ပန်းတောင်းမြို့ မြို့မရပ် ကွင်းအမှတ်(၂၀၆၉/ခ)ကျောက်ပန်းတောင်း(တောင်)၊ မြေကွက်အမှတ်(၁၂၅/၆၆၈)၊ ဧရိယာ ၀ဒသမ၀၃၃ဧကရှိ မြို့မြေနှင့်ယှဉ်းမြေကွက်ပေါ်ရှိ (၄၀x၄၂ x၂၁)ပေရှိ နှစ်ထပ်ပတ်ကားတိုက်တွင် ကျောဘက်၌(၄၀x၂၀x၁၀)ပေထပ်ချင်း သံကူကွန်ကရစ်အမိုးအဖီနှင့် ရှေ့ဝရန်တာကို သံကူကွန်ကရစ်အခင်း၊ သံကူကွန်ကရစ်အမိုးဖြင့် နေအိမ် အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၅၀၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချ မည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့် ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဩဂုတ် ၃၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးလှမောင်
တိုင်းတရားသူကြီး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုခ့ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်– ၄၆

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးမောင်မြင့်
မိတ္ထီလာမြို့။ ၂။ ဒေါ်ခင်မာကြည်
တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၁၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ခုနှစ် အောက်တိုဘာ၃၀ရက်(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်၄ရက်) မွန်းမတည့်မီ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ပြည်သာယာရပ်ကွက်ရှိ အကွက်အမှတ် (ခ/ပြည်သာယာ) ဦးပိုင်–၉၄၊ မြေကွက်အမှတ်–၈၄၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ဧကရှိ မြေနှင့်၎င်းမြေပေါ်ရှိ (၂၄x၂၄)ပေ ရှိတစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရသိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည် မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် စက်တင်ဘာ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပေါ်ခိုင်သန်း
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး၊ မဏ္ဍလေးတိုင်း။

မိခင်အမည်မှန်

တာချီလိတ်၊ အထက၊ န၀မတန်း(E)မှ မယမင်းကြည်၏ မိခင်အမည်မှန်မှာ ဒေါ်နန်းဘိုးတစ် ၁၃/မယတ(နိုင်)၀၀၃၆၁၆ ဖြစ်ပါကြောင်း။

ဒီဇယ်၊မာတ်ဆီ စက်ပြင်သင်တန်း
(နေထိုင်မှုအခမဲ့)
ဖုန်း–၅၄၄၉၂၄
၂၁–အနောက်မြင်းပြိုင်ကွင်းလမ်း၊ တာမွေမီးပွိုင့်အနီး၊ရန်ကုန်

ဒါရိုက်သင်္ဘောကပ္ပတိန် ဗိုလ်မှူးတင်အောင်(ငြိမ်း)
MASTER MARINER(F.G.) ဦးစီး၍
ဆရာဦးမြင့်သိန်း
MMEA(EX)
ရေကြောင်းသိပ္ပံ
ဝင်ခွင့်ရအကြိုအထောက်အကူပြု သင်တန်းများဖွင့်
☎01-705201/095107193

သွားချင်တဲ့ ခရီး ကိုသွား
ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
၂၄ နာရီဖုန်းဆက်လိုက်ပါလား?
လာချုပ်နှစ်ချုပ်ကားများငှားရန်ရှိသည်။

ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် Thermoplastic Powder တန် ၁၅၀ကို အောက်ပါအတိုင်း ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Thermoplastic Powder(White)	100 Tons
(ခ)	Thermoplastic Powder(Yellow)	50 Tons

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၈–၉–၂၀၀၇ရက်(၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင်ကျပ် ၂၀၀၀(ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

နိုင်ငံတကာသတင်းဂျာနယ်များ မှာကြားနိုင်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်မှ အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ဝေသော နိုင်ငံတကာသတင်းဂျာနယ်များကို အောက်ပါ လိပ်စာသို့ မှာကြားဝယ်ယူနိုင်ပါသည်–

ဖြန့်ချိရေးဌာန၊ ကြေးမုံသတင်းစာတိုက်၊ ဖုန်း–၂၉၂၈၃၀၊ ၂၉၁၄၉၄

ကိုယ်စားလှယ်ဈေးနှုန်း တစ်စောင် ၁၀၀ိ/

(ဖတ်ရှုလိုသူများ နီးစပ်ရာသတင်းစာကိုယ်စားလှယ်များထံတွင် မှာယူနိုင်ပါသည်။)

ပစ္စည်းဝယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းလက်အောက်ရှိ စက်ရုံများအတွက် ယှဉ်တွဲဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်–

(တင်ဒါအမှတ် ၄၉/၀၇–၀၈)

စဉ်	အမျိုးအမည်	အရေအတွက်	တင်ဒါပိတ်ရက်
1.	Hydraulic Excavator	(2) Nos	၁၅–၁၀–၂၀၀၇
2.	Large 10Wheels Truck	(2) Nos	၁၅–၁၀–၂၀၀၇

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း စီမံကိန်းဌာန၊ အဆောက်အအုံအမှတ်(၄၁)၊နေပြည်တော်တွင် ရုံးချိန်အတွင်းဆက်သွယ်ပြီး တင်ဒါပုံစံများကို လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင် ဝယ်ယူသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။ အသေးစိတ်သိလိုပါက စုံစမ်းရန် တယ်လီဖုန်းအမှတ် ၀၁–၅၇၇၇၇၀(စီမံရေးဌာန)(ပြင်/ထိန်း)၊ ၀၆၇–၄၀၈၁၄၆(စီမံကိန်းဌာန)(နေပြည်တော်)။

မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

မကွေးတိုင်း ပေါက်မြို့ မြို့ပေါ်လေးရပ်ကွက်ရှိ နိုင်ငံသား ၄၂၇ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂ရက်က ရွှေပေါက်ပင်ခန်းမ၌ ကျင်းပရာ မကွေးတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက နိုင်ငံသားတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။
(မြို့နယ် လဝက)

ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင် ဆုရပြိုင်ပွဲဝင်များ သံတွဲ၌ ဆုများပေးအပ်ချီးမြှင့်

သံတွဲ စက်တင်ဘာ ၇

(၁၅)ကြိမ်မြောက် သံတွဲခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက် ၈ နာရီက သံတွဲမြို့ ဒွါရာဝတီ မြို့နယ်ခန်းမ၌ ကျင်းပရာ သံတွဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ယှဉ်ပြိုင်

ထို့နောက် သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်များမှ အခြေခံပညာအဆင့်၊ ဝါသနာရှင်အဆင့် ပြိုင်ပွဲဝင်များက ပါဝင် ယှဉ်ပြိုင်ကြသည်။

ချီးမြှင့်

ဆက်လက်၍ ဆုရပြိုင်ပွဲဝင်များအား သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး သံတွဲခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သူဇာအေးက အသက် ၁၅နှစ်အောက် ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်အဖွဲ့ ဩဂုတ် ၂၈ရက်က ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ရေပေးရေးနှင့် မြို့သာယာလှပရေးဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစောရွှေက ရှင်းလင်းပြသစဉ်။
(မြို့နယ် စည်ပင်)

တံတားဦး ကြံခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေး

တံတားဦး စက်တင်ဘာ ၁၃

တံတားဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၇) ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ၅ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအနီး မဟာမင်္ဂလာစေတီလမ်း၌ ကျင်းပရာ အသင်းနှစ်ပတ်လည် သင်းလုံးကျွတ် (၂၀၀၇) ဆိုင်းဘုတ်ကို အမျိုးသားညီလာခံကိုယ်စားလှယ် ဦးမောင်မောင်နှင့် ဦးခင်မောင်ပုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ၂၀၀၆–၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူများက ရွှေကြိုးဆွဲ၍ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် သင်းလုံးကျွတ် နှစ်ပတ်လည်အစည်းအဝေး (၂၀၀၇)အခမ်းအနားကို မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်စန်း တို့က အမှာစကား ပြောကြားပြီး ၂၀၀၆–၂၀၀၇ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့်စာစီစာကုံးပြိုင်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး ပထမဆုရရှိသော ကျောင်းသားကျောင်းသူများအား ခရိုင်တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်စန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ တူးဖော်ပြီးစီးခဲ့သောစက်ရေတွင်းများရေရှည်တည်တံ့ခိုင်မြဲရေး အတွက် ဩဂုတ် ၂၇ ရက်က ရေတွင်း ကျေးရွာ၌ စက်ရေ တွင်းများ ပြင်ဆင် ထိန်းသိမ်းရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၇)ဖွင့်ပွဲတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ ခေတ္တ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။
(မြို့နယ် စည်ပင်)

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်နှင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံး အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည့် ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးက ဝန်ထမ်းဖွဲ့စည်းပုံအခြေအနေ၊ သင်္ဘောကြီးများ ဘေးအန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်ရေး၊ မီးပြတိုက်အခြေအနေ၊ ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော MITT ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်မှု၊ ဒလမြို့နယ် မော်စက်ကမ်းပါးထိန်းနံရံကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ရေယာဉ်သစ်တည်ဆောက်ခြင်း၊ ရေယာဉ်ကြီးများ လွန်းတင်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ သင်္ဘောကျင်းလုပ်ငန်းများမှ ဝင်ငွေရရှိမှု၊ ရန်ကုန်ဆိပ်ကမ်းအတွင်း သင်္ဘောကြီးများ ဝင်ရောက်မှုတို့ကိုလည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးချိုသန်းမောင်က e-Government လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေနှင့် သင်တန်းများ ဖွင့်လှစ်တက်ရောက်နေမှု အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာ ဌာနမှူးများက မိမိတို့ဌာနခွဲ၏ လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** ●

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြစ်ဝကျွန်းပေါ်ဌာနခွဲရှိ ရေယာဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ပြည်တွင်းပြည်ပအဖျက်သမားများ ဖြတ်လမ်းကအာဏာရရှိရေး ဆူပူအုံကြွမှု ဖန်တီးလျက်ရှိ ဆူပူမှုများ အရှိန်မြင့်လာစေရန် ပြည်ပအသံလွှင့်ဌာနများက အမျိုးမျိုးသွေးထိုးလှုံ့ဆော်

သံဃာအတုအယောင်များ၏ စည်းရုံးလှုံ့ဆော်မှုကြောင့် ပခုက္ကူ၌ဆန္ဒပြအကြမ်းဖက်မှုဖြစ် သွေးထိုးလှုံ့ဆော်မှုများကြောင့် စစ်တွေမြို့တွင်လည်း သံဃာတော်များ လမ်းလျှောက်ဆန္ဒပြ ရန်ကုန်မြို့တွင်လည်း သံဃာအယောင်ဆောင်များကြောင့် သံဃာအချို့ စီတန်းလမ်းလျှောက်ခဲ့

ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်မှုများကို လိုလားခြင်းမရှိ သံဃာတော်များ အများပြည်သူအကျိုးအတွက် မေတ္တာရှေ့ထား သီတင်းသုံးကြရန် လိုလားလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၈

ပြည်တွင်းပြည်ပ အဖျက်သမားများသည် မြန်မာနိုင်ငံတွင် ၎င်းတို့ ဖြတ်လမ်းက အာဏာရရှိရေးနှင့် ၎င်းတို့စိတ်ကြိုက် ခြယ်လှယ်နိုင်ရေးအတွက် ၈၈ အရေးအခင်းကဲ့သို့ ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပေါ်လာစေရန် ဩဂုတ် ၁၉ ရက်မှစ၍ ဆန္ဒပြမှုများကို ဖန်တီးလှုံ့ဆော် လုပ်ဆောင်ခဲ့ကြသည်။

နှုတ်ကြောင်းပေးဝါဒဖြန့် စည်းရုံးလှုံ့ဆော်

ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် ပြည်ပအသံလွှင့်ဌာနများသည် ထိုဆန္ဒပြဖြစ်စဉ်များကို အခြေခံပြီး ပုံကြီးချဲ့ထုတ်လွှင့်ခြင်း၊ သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ NLD ပါတီဝင်အချို့ အပါအဝင် ၈၈ မျိုးဆက်ကျောင်းသားဆိုသူများနှင့် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ ပြည်သူများ ထင်ယောင်ထင်မှားဖြစ်စေရန် နှုတ်ကြောင်းပေးဝါဒဖြန့် စည်းရုံးလှုံ့ဆော်ခြင်း စသည်တို့ကို ဆက်တိုက်ဖန်တီးလုပ်ဆောင်ခဲ့ကြသည်။

ထိုသို့ပုံကြီးချဲ့ သွေးထိုးလှုံ့ဆော်နှုတ်ကြောင်းပေး ထုတ်လွှင့်မှုများနှင့် အဖျက်အမှောင့်သမားများ၏ သံဃာထုအတွင်း သံဃာအတုအယောင်များအဖြစ် ဝင်ရောက်လျက် စည်းရုံးသိမ်းသွင်းလှုံ့ဆော်မှုများကြောင့် စက်တင်ဘာ ၅ ရက်နှင့် ၆ ရက်နေ့များတွင် ပခုက္ကူမြို့၌ ဆန္ဒပြအကြမ်းဖက်၊ ကားမီးရှို့ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်အခြေအနေအရပ်ရပ်ကိုလည်း ပြည်သူများသိရှိနိုင်စေရန် သတင်းများထုတ်ပြန်ပေးခဲ့ပြီးဖြစ်သည်။

အမျိုးမျိုးထုတ်ပြန်အသံလွှင့်

ပြည်တွင်းပြည်ပအဖျက်သမားများသည် ဆန္ဒပြမှု၊ ဆူပူအကြမ်းဖက်မှုများ ထပ်မံဖြစ်ပွားအရှိန်မြင့်လာစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့သံမဂ္ဂီအဖွဲ့နှင့် ရဟန်းပျိုသမဂ္ဂအဖွဲ့ဆိုသည်က စက်တင်ဘာ ၁၇ ရက်(တနင်္လာ)နေ့မှစတင်ကာ ရဟန်းသံဃာတော်များအနေဖြင့် ပတ္တနိက္ကုဇ္ဇနကံဆောင် သပိတ်မှောက်ကြရန်ဟူ၍လည်းကောင်း၊ စက်တင်ဘာ ၁၈ ရက် (အင်္ဂါနေ့)တွင် ရန်ကုန်၊ မန္တလေးနှင့် အခြားပြည်နယ်၊ တိုင်း၊ မြို့အသီးသီးရှိ သံဃာတော်များက တန်ခိုးကြီးဘုရားများသို့ လမ်းလျှောက်ဆန္ဒပြကြရန်ဟူ၍လည်းကောင်း၊ ဖမ်းဆီးခံထားရသော ၈၈ မျိုးဆက်ကျောင်းသားဆိုသူများနှင့်ပတ်သက်၍ သဘောထားကြေညာချက်ဟူ၍လည်းကောင်း၊ လေးဌာနဝန်ထမ်းများ၏ ပူးတွဲကြေညာချက်ဟူ၍လည်းကောင်း၊ မြန်မာနိုင်ငံ စောင့်ရှောက်ရေးအဖွဲ့ဆိုသည်က စက်တင်ဘာ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်နေ့များတွင် မိမိတို့၏နေအိမ်အသီးသီးမှ သံပုံး၊ သံလင်ပန်း၊ သံချောင်းစသည်များ ရိုက်ခတ်ကြရန်ဟူ၍လည်းကောင်း ပြည်ပရောက် အကြမ်းဖက်ပြည်ပြေးများက ဆန္ဒပြပွဲများအောင်မြင်ရန် မည်သို့မည်ပုံ ဆောင်ရွက်ကြရမည်ဟူ၍လည်းကောင်း အမျိုးမျိုး ထုတ်ပြန်အသံလွှင့် သွေးထိုးလှုံ့ဆော်ခဲ့ကြသည်။ **စာမျက်နှာ ၉ ကော်လံ ၁** *

19-9 (20) 1 9/19/07, 4:50 AM